939 ။ နေမျိုးဆက်ပြုန်း၊ မင်းရိုးပုန်း၊ ရွှေအုန်းသီးကိုလွှဲ။
940 ။ ရွာဆားလင်းကုန်း၊ ပလ္လင်ကုန်း၊ ရှားကုန်းကုန်းသုံးကွဲ။
941 ။ ပြည်ကြီးစနန်း၊ ရန်ကိုဖြုန်း၊ ရွှေဘုန်းပွင့်စဲးစဲး။
942 ။ ငစင်းငစုန်း၊ ငသင်တုန်း၊ ငပုန်းပါလအဲး။

## အုန့် ကာရန် ၄ ပုဒ်

943 ။ ဝတ်စားချည်ရှုန့်၊ တသုန့်သုန့်၊ မြေမုန့်မွဲးမွဲးတင်။
944 ။ မျက်နှာစုန့်စုန့်၊ တသုန့်သုန့်၊ တောယုန့်ပုံအသွင်။
945 ။ ညက်ညက်မုန့်မုန့်၊ နဲ့နဲ့နုန့်၊ ရှုန့်ရှုန့်ရင်းရင်းငင်။
946 ။ မုတ်ဆိတ်မြုန့်မြုန့်၊ ပင်စုန့်စုန့်၊ ပါးမုန့်အောက်ဆီတွင်။

## အတ် ကာရန် ၂၃၂ ပုဒ်

947 ။ ရှင်တော်တုလွတ်၊ သုံးလူ့ထွတ်၊ လူနတ်ထိပ်သျှောင်ကျင်။
948 ။ တို့ရှင်ချစ်ဓာတ်၊ ရှစ်စရွတ်၊ လူနတ်ထိပ်မှာတင်။
949 ။ အရေးကတ်လတ်၊ မပြီးတတ်၊ ဆွတ်ဆွတ်လွန်ပူပင်။
950 ။ ဆံပင်မြိတ်လွတ်၊ နောင့်သက်မှတ်၊ မချွတ်နောင့်ဘို့ပင်။
951 ။ ညိုပြာဝင်းလတ်၊ မိမျိုးမြတ်၊ နတ်ဟုစိတ်ဝယ်ထင်။
952 ။ မြင်လျှင်ကြည်ညွတ်၊ သက်ခင်ပြတ်၊ ထွားမွတ်နောင့်သခင်။
953 ။ သံတော်တွတ်တွတ်၊ ရှင်ကလွှတ်၊ ဝါကျွတ်မတိုင်ခင်။
954 ။ ရေယဉ်ကတွတ်၊ ပြွန်ပြွတ်ပြွတ်၊ လွှတ်လေအောက်တခွင်။

955 ။ ချုပ်ခြာမလွတ်၊ စီနင့်တွတ်၊ ပစ်ခတ်လိုက်တိုင်းပင်။
956 ။ ရှိမ်းရှိမ်းပူအတ်၊ မျက်စဉ်းခတ်၊ နာနတ်သင့်ကြောင်းဆင်။
957 ။ သမားဆေးတတ်၊ မန္တန်ရွတ်၊ ဖွတ်ဖွတ်ယခုတွင်။
958 ။ ဖြူးဖြူးမတ်မတ်၊ နန်းပြာသာဒ်၊ ကွေးညွတ်မုတ်တုရင်။
959 ။ အပုတ်အခတ်၊ ထောင်းထုသတ်၊ လတ်လတ်သေလေကျင်။
960 ။ သားထွေးသားလတ်၊ ပျိုထွတ်ထွတ်၊ လည်ဝတ်မျက်ရွဲးသွင်။
961 ။ သေသေသတ်သတ်၊ ဖြောင့်အောင်ခတ်၊ မလတ်မကောပင်။
962 ။ ဗာလီသြရသ်၊ မျောက်အောင်ကွတ်၊ ရန်ညွတ်အိမ်ရှေ့ရှင်။
963 ။ မလိုမလွတ်၊ ရာဇဝတ်၊ ယုတ်မြတ်မဟူကျင်။
964 ။ ဇဝနနတ်၊ အခဲးဆတ်၊ အမတ်ခြေလက်လျင်။
965 ။ သူတော်သူထွတ်၊ အကျင့်ဝတ်၊ ယွင်းချွတ်မည်မထင်။
966 ။ ပြဟ္မာမိုးနတ်၊ သတပတ်၊ ယူဘတ်၊ နိမိတ်မြင်။
967 ။ တံမြက်လှည်းခတ်၊ ရက်တိုင်းမှတ်၊ ကြည်ညွတ်စိတ်တော်ရွှင်။
968 ။ နှေ့ညဉ့်မပြတ်၊ ပရိယတ်၊ ဘတ်ဘတ်အံအံသင်။
969 ။ ဓုတင်တေရသ်၊ ပဋိပတ်၊ ထေရ်ကသပတွင်။
970 ။ တောနေသူမြတ်၊ ပိဏ္ဍပါတ်၊ ဝတ်ကိုမဖျက်ချင်။
971 ။ ကုန်းခင်မြေကျတ်၊ အချွတ်ချွတ်၊ ညောင်ကြွတ်စိုက်မရှင်။
972 ။ ခြေချင်းထူးပွတ်၊ အပတ်ပတ်၊ ခတ်သည့်ထိတ်နှင့်ပင်။
973 ။ တရားဆုံးဖြတ်၊ ဓမ္မသတ်၊ မတ်မတ်ဖြောင့်စေချင်။
974 ။ စဒိတ်လည်းတတ်၊ သူဇိဒတ်၊ စိတ်မှတ်ပြီးတိုင်လျှင်။
975 ။ သံသရာဝဋ္ဋ်၊ ရှင်းရှင်းပြတ်၊ လူ့ထွတ်ဘုရားရှင်။
976 ။ ဝါဝါကြတ်ကြတ်၊ ပန်းရင်ခတ်၊ မြေကျတ်ကုန်းမော်ပြင်။
977 ။ တာရာနက်သတ်၊ နေလကြတ်၊ မိုးလတ်အာကာခွင်။
978 ။ ထမင်းကမ္ပတ်၊ ရေကငတ်၊ မတတ်နိုင်ပဲးပင်။
979 ။ နလုံးကြွပ်ဆတ်၊ ဘီလူးနတ်၊ ရွတ်ရွတ်ကိုက်တည့်ငင်။
980 ။ ချားခုံရဟာတ်၊ ဒိနရတ်၊ ရစ်ပတ်တသွင်သွင်။
981 ။ ဆဲ့ခုနစ်ပတ်၊ ခွေကရွတ်၊ ကြာသွတ်ရေအိုးစင်။
982 ။ ဆူမှုန်သည်းပွတ်၊ ထွက်မတတ်၊ ဖတ်ဖတ်မောသည်ပင်။
983 ။ အာကစဉ်လွတ်၊ ထမင်းဖတ်၊ စားလတ်မည်လောရှင်။
984 ။ မန်ကျည်းသပွတ်၊ ကျည်းသခွတ်၊ သတွတ်တောသစ်ပင်။
985 ။ ရှစ်အင်စုံမြတ်၊ ဖြူဆွတ်ဆွတ်၊ ဖေါင်းဝတ်မြင်းယဉ်ညင်။
986 ။ သောသောမြေညွတ်၊ တီတီတွတ်၊ ပွတ်နှင့်ရီရောပင်။
987 ။ မျက်စုံလည်းသတ်၊ နဝရတ်၊ စီခတ်အမွှမ်းတင်။
988 ။ မုံအာပွင့်ဝတ်၊ ကုံးယူဆွတ်၊ ခက်ညွတ်ဂမုန်းအင်။
989 ။ စိတ်တော်တောက်ဆတ်၊ တချက်လွှတ်၊ နူးညွတ်ခွင့်မမြင်။
990 ။ ဆင်တွင်ဆင်မြတ်၊ ရန်စဖြတ်၊ ပတ်ယတ်စုံသည့်ဆင်။
991 ။ ခြေခါလက်ခတ်၊ တုန်ဆတ်ဆတ်၊ လက်ပွတ်ဦးဆံငင်။
992 ။ ဆန်ဖြုန်းလည်းဆတ်၊ မဖွပ်တတ်၊ ကျွန့်ဝတ်မကုံတွင်။

993 ။ ကြံစည်လျှို့ကတ်၊ နဂါးပတ်၊ ရတတ်သော်သာလျှင်။

994 ။ ကျော့ကိုလည်းခတ်၊ ရိုက်ဆတ်ဆတ်၊ ဆော့ကျွတ်စိတ်လောင်လင်။

995 ။ သောကရကင်း၊ သောက်ကြူးတတ်၊ ဟောမှတ်ဇာတာပြင်။

996 ။ ခြသေ့်နေမှတ်၊ ကရကင်း၊ ချစ်မြတ်ဆွေအိမ့်ရှင်။

997 ။ နဂါးရစ်ပတ်၊ ကရကင်း၊ ဖျက်တတ်သူ့ချစ်ခင်။

998 ။ ခဲးလောင်းညီမြတ်၊ မင်းခဲးလတ်၊ ရိမဒ်ပြည်ကြီးရှင်။

999 ။ ရွှေမှောက်သည်းပွတ်၊ သားထွန်လွတ်၊ ဆက်မှတ်ရာဇဝင်။

1000 ။ ရှင်စံရှင်မှတ်၊ ရှင်မျိုးမြတ်၊ ရှင်လတ်ရှင်ငြိမ်းအင်။

1001 ။ ငအောင်ငမြတ်၊ ငစံမှတ်၊ ငတတ်ငကျော်ထင်။

1002 ။ ဆယ်ပါးပုတ်ခတ်၊ တရားကတ်၊ ဖြတ်လေပညာ့ရှင်။

1003 ။ ခြောက်ပါးအမြတ်၊ တရားဖြတ်၊ တတ်စေသိကျွမ်းကျင်။

1004 ။ သိရိဘုန်းထွတ်၊ လှတမွတ်၊ မင်းမြတ်သုံးဆက်ကြင်။

1005 ။ သမိန်စောထွတ်၊ မဏိရွတ်၊ မင်းမတ်ဝန်ချုပ်တင်။

1006 ။ မကင်းပူးပွတ်၊ ဗိုလ်မင်းဖြတ်၊ ရေးကတ်မင်းတိုင်ပင်။

1007 ။ လက်ဝဲးထိမ်းမတ်၊ လက်မှူတတ်၊ ပွတ်ညွတ်လုပ်စီရင်။

1008 ။ မွန်မည်စအွတ်၊ ဗညားပြတ်၊ ချည်ပတ်ဘွဲ့ရွှေစင်။

1009 ။ မဟာသမတ်၊ တံဆိပ်ခတ်၊ တမွတ်မုန်ကင်းတင်။

1010 ။ ရာဇာဓိရတ်၊ ဗကမတ်၊ ဆတ်ဆတ်မြားမြားဆင်။

1011 ။ ‘တ’ ဂိုဏ်းမလွတ်၊ ‘ယ’ ဂိုဏ်းသွတ်၊ ဂါယတ္တိဆန်းတွင်။

1012 ။ တရိန်းသောသတ်၊ တည်တံ့လတ်၊ မြှောက်မှတ်တရိန်းပင်။

1013 ။ မောင်းမပညတ်၊ စဒိတ်မှတ်၊ တတ်စေအစတွင်။

1014 ။ ခံလော်ံနက္ခတ်၊ ယှဉ်စမှတ်၊ ဂိုဏ်းနတ်မြင်းမိုရ်ရှင်။

1015 ။ ပိုးစုန်းလျှံပတ်၊ နေမင်းသတ်၊ ဟီနတ်ဒေါသထင်။

1016 ။ ဒေါသဝါကျတ်၊ ခြောက်ချက်သတ်၊ ပုဒ်ပါဌ်ပြင်သုတ်သင်။

1017 ။ ပိုဒ်စုံညီညွတ်၊ ပဒါသတ်၊ ဂုဏ်မြတ်တန်းဆာဆင်။

1018 ။ ခုနစ်ဝိဘတ်၊ ကျေစမှတ်၊ သမာသ်ခေါ်ရိုးပင်။

1019 ။ ယောသောနိယတ်၊ အနိယတ်၊ စွဲးမှတ်သင့်ရာငင်။

1020 ။ နပုန်းဧကတ်၊ ငွဲ့တုံလတ်၊ သမာသ်ဒိဂုပင်။

1021 ။ အန္တတ် ဗာဟျတ်၊ ယွင်းမချွတ်၊ စပ်မှတ်စုံနှစ်ပြင်။

1022 ။ ကတ်ကတ်သတ်သတ်၊ ကျမ်းအာချာတ်၊ ဝိဘတ်ရှစ်သွယ်စင်။

1023 ။ ပစ္စည်းနှင့်ဓာတ်၊ ရှုပ်ရှက်ခတ်၊ ဥဏာဒ်မသင်ချင်။

1024 ။ သဒ္ဒါရုပ်ဓာတ်၊ လိန်သကတ်၊ ကတ်လတ်ကန့်လန့်ကျင်။

1025 ။ ကာလာဝင်သရတ်၊ ကိတ္တဓာတ်၊ မြမြတ်စုံရှစ်အင်။

1026 ။ ရွှေနိုင်းချင်းခတ်၊ ကြောင်ပော်ရတ်၊ တွတ်တွတ်နီလွင်လွင်။

1027 ။ ပိသပဲးရတ်၊ ဖြူထွတ်ထွတ်၊ ဘိုးမြတ်ရွှေစင်စင်။

1028 ။ စွန့်အပ်စွန့်တတ်၊ နှစ်ချက်မှတ်၊ ကံကတ္တားပင်ပင်။

1029 ။ သညာဧကတ်၊ အထူးမှတ်၊ နာနတ်အသွင်သွင်။

1030 ။ အသညသတ်၊ ဝိညာဉ်ပြတ်၊ တည်မှတ်ရုပ်နှင်နှင်။

1031 ။ မပျောင်းမထတ်၊ နံ့သာဖတ်၊ ဖျော်သတ်လိမ်းချင်ချင်။
1032 ။ နှောင့်ကိုအကတ်၊ ကြံသတတ်၊ ယုတ်လတ်လူမြင်မြင်။
1033 ။ လွမ်းတဆွတ်ဆွတ်၊ နွမ်းညွတ်ညွတ်၊ စိတ်လွတ်လေပင်ပင်။
1034 ။ ကွမ်းတဖွတ်ဖွတ်၊ ထုံးခွံ့သွတ်၊ နူးညွတ်စိတ်ရွှင်ရွှင်။
1035 ။ သံတတွတ်တွတ်၊ မြည်ရေးရွတ်၊ လွှမ်းပတ်အမျှင်မျှင်။
1036 ။ ဧကေနိပါတ်၊ စသည်ဇာတ်၊ ဖြစ်မြတ်အတင်တင်။
1037 ။ အနဝတတ်၊ ငါးတောင်ညွတ်၊ ရေမြတ်ကြည်လင်လင်။
1038 ။ မနူးမစွတ်၊ မိုဃ်းသေးဆွတ်၊ မြေရွှတ်သဲချင်ချင်။
1039 ။ မွှေးမျိုးအံပတ်၊ ဖျော်လိမ်းဆွတ်၊ မထတ်ရည်ရွှင်ရွှင်။
1040 ။ ဆိုတတွတ်တွတ်၊ တသွတ်သွတ်၊ မိန့်ရွတ်နှုတ်လွင်လွင်။
1041 ။ အာကာသဓါတ်၊ နတ်ရေလွှတ်၊ စီးပြွတ်ယည်ဖျင်ဖျင်။
1042 ။ သံလေးသံပြတ်၊ သံရည်ဖြတ်၊ ကျူးခတ်ဧးယင်ယင်။
1043 ။ ပဋိစ္စမြတ်၊ သမုပ္ပါဒ်၊ ဟောမှတ်ဟိတ်ဖိုလ်ငင်။
1044 ။ ထီးတရပတ်၊ ဇောတိရသ်၊ စီခတ်အမွမ်းဆင်။
1045 ။ စာပေတည်းပြင်၊ အပြီးသတ်၊ ကမ္ပတ်အုပ်ချုပ်တင်။
1046 ။ နလုံးသည်းပွတ်၊ တောက်တပတ်၊ ပြွတ်ပြွတ်ထွက်လုကျင်။
1047 ။ အသတ်အလတ်၊ မကျွမ်းတတ်၊ ပြွတ်ပြွတ်မဆိုချင်။
1048 ။ အယုတ်အလတ်၊ တကောင်းပွတ်၊ ပွတ်ညွတ်လှပုံပြင်။
1049 ။ ပန်းပုပန်းပွတ်၊ ပန်းချီတတ်၊ ညီညွတ်ဆေးစုံတင်။
1050 ။ ဝါဖန်ဝါဖတ်၊ မျှမတတ်၊ မမှတ်မသားချင်။
1051 ။ ထားနှင့်ပိုင်းဖြတ်၊ အရည်ပြတ်၊ ဖွတ်ဖွတ်ကျိုးလေကျင်။
1052 ။ ချိန်စင်းကြေးခတ်၊ မူးနှင့်မတ်၊ ကတ်လတ်အလွဲတင်။
1053 ။ မဒီမယွတ်၊ နထွတ်ထွတ်၊ လုံးပတ်လျှလျှင်။
1054 ။ အောက်ကင်းမြစ်မြတ်၊ အပတ်ပတ်၊ ရွာမတ္တရာခွင်။
1055 ။ ကျိုကျိုကျွတ်ကျွတ်၊ အချွတ်ချွတ်၊ နို့အတ်မျှမစင်။
1056 ။ နှိုက်နှိုက်ကျွတ်ကျွတ်၊ ကြံစေ့ပွတ်၊ ကွမ်းဖတ်ငုံလျက်ပင်။
1057 ။ အရည်အဖတ်၊ သဃ်ဘတ်၊ ငပတ်ကြော်နှင့်တင်။
1058 ။ ထန်းသီးစုတ်ဖတ်၊ မစားတတ်၊ ကျွန်းပြတ်ရွာကရင်။
1059 ။ အိုင်ထုံးဆေးခတ်၊ သားငါးသတ်၊ ကင်းလတ်ရွာသခင်။
1060 ။ အနာမည်းတွတ်၊ အမာရွတ်၊ ကတ်ဖိုဆေးနှင့်တင်။
1061 ။ ကိုက်၍မပြတ်၊ အမဲရွတ်၊ ခွံ့သွတ်အံစောင်တင်။
1062 ။ ပုဆိုးနာနတ်၊ ဆင်ယင်ဝတ်၊ ရုံးလွှတ်မတက်ခင်။
1063 ။ လိပ်ခေါင်းနက္ခတ်၊ မွန်းမတ်မတ်၊ လနတ်တော်ကပင်။
1064 ။ အမည်အနွတ်၊ ဝစနတ်၊ အလွတ်မတင်ယင်။
1065 ။ အဗ္ဘာန်မာနတ်၊ ပရိဝါသ်၊ အာပတ်ဖြေသုတ်သင်။
1066 ။ ရဟာန်းတို့ဝတ်၊ ပကတတ်၊ ဝန်းပတ်ဇော်ချည်းတင်။
1067 ။ သင်္ကန်းကိုယ်ဝတ်၊ သူတော်မြတ်၊ ဥတ်မျှမတင်ချင်။
1068 ။ ပါစိတ်ဒုက္ကဋ်၊ သင့်တုံလတ်၊ ဖြေမှတ်နှုတ်ချိုလွင်။

1069 ။ မင်းမသိတတ်၊ ဖြဟ္မဒတ်၊ ပြောမှတ်ရှေးပုံပြင်။
1070 ။ လောင်းဘူရိဒတ်၊ ဇောဓိသတ်၊ ရေနတ်ပညာလျှင်။
1071 ။ အဇာတသတ်၊ ဒေဝဒတ်၊ တိုက်လွှတ်ဂိရိဆင်။
1072 ။ မီးပေါက်သေနတ်၊ ပစ်လွှတ်ခတ်၊ ချပ်ဝတ်လုံကြောင်းဆင်။
1073 ။ စေတနာပြတ်၊ တံမြက်ခတ်၊ မွေးဓာတ်သောက်ရှင်ပင်။
1074 ။ စမွဲးစမွတ်၊ အရမတ်၊ နာနတ်သီးချိုပင်။
1075 ။ တီးသည့်ပုံပတ်၊ စည်လက်ခတ်၊ ပွဲးမြတ်ခံသဘင်။
1076 ။ ထောပေးထောပတ်၊ နမ်းဆီချွတ်၊ နယ်ပွတ်ဆုံငယ်တွင်။
1077 ။ သရက်သီးပွတ်၊ လုမ်းယူဆွတ်၊ အပတ်တကုတ်ပင်။
1078 ။ သီဟိုဠ်ကျမ်းတတ်၊ ဗုဒ္ဓဒတ်၊ ပုဒ်ပါဌ်ကျမ်းစီရင်။
1079 ။ အဘိုးမပြတ်၊ လျင်တောက်ပတ်၊ မြတ်သတ်ကုန်စယ်ရှင်။
1080 ။ ပါဏာတိပါတ်၊ သူ့သက်သတ်၊ မီးပွတ်သည့်နှယ်ပင်။
1081 ။ ချိပ်တတ်ချိပ်သတ်၊ ထောလပတ်၊ ခေါ်မှတ်ပန်းညိုပင်။
1082 ။ ချုပ်ချုပ်သတ်သတ်၊ စိတ္တုပ္ပါဒ်၊ ခြံပွတ်ဉာဏ်ရေးဆင်။
1083 ။ စျာန်သမာပတ်၊ မရလတ်၊ ရွတ်ရွတ်ပျံမလျှင်။
1084 ။ စကြာရဟာတ်၊ လှည့်ကာပတ်၊ မန္တာတ်လေးကျွန်းရှင်။
1085 ။ ဂဏန်းခြေအင်္ဂ၊ ခြောက်ကားဆင်္ဂ၊ သတ်ကားခုနစ်အင်။
1086 ။ ကျမ်းပိဋကတ်၊ အစင်တတ်၊ နာဂတ်အတိတ်မြင်။
1087 ။ ယွန်းပြည်မိုင်းခွတ်၊ ရွာမိုင်းခတ်၊ ကတ်ကျိုးရှမ်းပြည်ခွင်။
1088 ။ ဇေဒင်ဓိမာသ်၊ သမသတ်၊ ဒါးကတ်ခါကရှင်။
1089 ။ နဝင်းလည်းသတ်၊ အဂ္ဂိယတ်၊ လိုက်မှတ်ဆိုရိုးပင်။
1090 ။ ဗီဇနာပါဒ်၊ ကာလမှတ်၊ သွတ္တာပတ်ဇေဒင်။
1091 ။ သန္ဓေထူးမြတ်၊ ဥပပါတ်၊ မိုးနတ်ဖြစ်ကိုယ်ထင်။
1092 ။ ငှက်ကရကတ်၊ ဓတရဋ္ဌ၊ စွပ်ဝတ်မဲ့ချည်ခင်။
1093 ။ ခဲးခဲးကတ်ကတ်၊ ပရမတ်၊ သော့ခတ်သည့်နှယ်ပင်။
1094 ။ ဗုဗွန်ကြံတတ်၊ ဗျိုင်းလည်ဖြတ်၊ ရွှေကတ်ကျေးအသွင်။
1095 ။ တကျယ်ပကတ်၊ ပိတ်သင်းခတ်၊ မြေကျတ်တီးအပြင်။
1096 ။ ကျောက်ဇောတိရသ်၊ ဝင်သဝတ်၊ တောင်ထွင့်ဝေပူခွင်။
1097 ။ မင်းစက္ကရတ်၊ စက္ကဝတ်၊ နှစ်နတ်ပိုင်သည့်ရှင်။
1098 ။ ကပိလဝတ်၊ ပြည်များထွတ်၊ သိဒ္ဓတ်စိုးညာတင်။
1099 ။ ပေါက္ခရဝသ်၊ မုခပါဌ်၊ ဟောမှတ်နှုတ်သွင်သွင်။
1100 ။ တန်းခိုးတော်မြတ်၊ ဣဒ္ဓိပါဒ်၊ အထွတ်စုံလေးအင်။
1101 ။ သံလျင်မြို့မြတ်၊ တောင်မတ်မတ်၊ ကျတ်ခေါက်ဘုရားရှင်။
1102 ။ သီဒါရစ်ပတ်၊ ပင်လယ်ထွတ်၊ ကျတ်ခမီရှင်ပင်။
1103 ။ ကောင်းကင်ပျံတတ်၊ ဆန်ငှက်ကြတ်၊ ကုပ်ညွတ်တွင်းသို့ဝင်။
1104 ။ သံသရာဝဋ်၊ သုနက္ခတ်၊ မကျွတ်မြင့်ကြာတင်။
1105 ။ သတ္တာဝါကျွတ်၊ လိပ်နှင့်ဖွတ်၊ ပတာတ်နှင့်ပုတ်သင်။
1106 ။ နီနီစွတ်စွတ်၊ ဖြူထွတ်ထွတ်၊ ပန်းခတ္တာနှင့်ပင်။

1107 ॥ မညိုးမြန်းတတ်၊ လန်းလတ်လတ်၊ ပန်းကတ္တရီပင်။
1108 ॥ မျက်တောင်တခတ်၊ ချားတပတ်၊ မလတ်မလျားကျင်။
1109 ॥ ရက်မပေါင်းကွတ်၊ ကိုင်သည့်ရွတ်၊ မယွတ်မယိုင်ပင်။
1110 ॥ ကြက်တိုက်အန်ခတ်၊ သီတရွတ်၊ ကလတ်ကလျားရွှင်။
1111 ॥ ခါသာကရတ်၊ သက္ကလတ်၊ ညစ်ပတ်မဲ့အောင်ဆင်။
1112 ॥ ရှစ်ပါးဝန်းပတ်၊ ပရိသတ်၊ လူနတ်မွမ်းမွမ်းဖြင်။
1113 ॥ အလွတ်အလတ်၊ မပြည့်တတ်၊ ခတ်လေအပြည့်ပင်။
1114 ॥ ရွှေပြည်ရိမဒ်၊ ဘူမိရတ်၊ နေနတ်စိုးပျော်ရွှင်။
1115 ॥ ဂိလာနဘတ်၊ နိစ္စဘတ်၊ မပြတ်လှူရန်ပြင်။
1116 ॥ သင်္ကန်းအနားပတ်၊ အနားဝတ်၊ ကမ္ပတ်အိမ်ကွင်းတင်။
1117 ॥ တရဖျားသည်းပွတ်၊ မင်းလှထွတ်၊ ချစ်လွတ်ဆင်ဖြူရှင်။
1118 ॥ လောင်ပူဖတ်ဖတ်၊ ဘေးဥပဒ်၊ ဖျန်းဆွတ်နတ်ရေစင်။
1119 ॥ ပုံသေဆတ်ဆတ်၊ ပုံပြင်ခတ်၊ လျောက်ပတ်လေသည်ပင်။
1120 ॥ နုနုထွတ်ထွတ်၊ ကွေးကွေးညွတ်၊ ဖက်ဆွတ်ဂေါ်သဇင်။
1121 ॥ ဆန်တစရွတ်၊ အိတ်ပြည့်သွတ်၊ ဆွတ်ဆွတ်ဖြူစေချင်။
1122 ॥ မလျောက်မပတ်၊ ကြောက်လျှင်ညတ်၊ မြည်တတ်သော်သာလျှင်။
1123 ॥ အာဟာရဓာတ်၊ သာထူးမြတ်၊ ဝိဘတ္တိနည်းအင်။
1124 ॥ နေတ္တိကျမ်းမြတ်၊ ပရိဝါသ်၊ ပညတ္တိပုံပြင်။
1125 ॥ နန္ဒိယာဝဋ္ဋ၊ နည်းထူးမြတ်၊ တုလွတ်နေတ္တိပင်။
1126 ॥ မင်းပေါရိသာဒ်၊ ကာလဟတ်၊ အမတ်ပြည်ကနင်။
1127 ॥ မိတ္တာဖြစ်တတ်၊ လေးချက်မှတ်၊ ချစ်မြတ်အိမ့်ရှင်တွင်။
1128 ॥ မရီးနင့်မတ်၊ လင်ကိုသတ်၊ လေးဇာတ်တိုင်အောင်ပင်။
1129 ॥ ကိုးဆဲ့ကိုးဇာတ်၊ ယောက်ျားသတ်၊ အကျွတ်မင်ဖိုလ်ဝင်။
1130 ॥ ဘွင့်၍ရွတ်ဘတ်၊ အားထုတ်လတ်၊ ပယတ်အမည်တွင်။
1131 ॥ ဟာသ်လာလည်ပတ်၊ ကျွဲးမြီးခတ်၊ စီးတတ်မြင်းဖြူရှင်။
1132 ॥ ပြဟ္မာလက်ဆွတ်၊ ကြက်မိုးစွတ်၊ စိုင်းလွှတ်အရှိုင်းနှင်။
1133 ॥ အစငါးပတ်၊ ပယ်ကသတ်၊ စမ်းမှတ်သုံးရပ်ခွင်။
1134 ॥ ကြပ်တည်းတည့်မတ်၊ ဖြောင့်ညီညွတ်၊ မှတ်လေခုနစ်အင်။
1135 ॥ ရင်ပြင်ညီညွတ်၊ တည့်တည့်မတ်၊ သားမြတ်စုံရွှေစင်။
1136 ॥ သွားတတ်လှမ်းတတ်၊ ဝမ်းပဲ့မှတ်၊ ကြည့်လတ်ဆင်မာတင်။
1137 ॥ သွေးရည်ချိုမြတ်၊ ဆင်းရွှေလတ်၊ ကြာဝတ်နံ့ရည်ရွှင်။
1138 ॥ ဆင့်ဦးကင်းထွတ်၊ အင်္ဂါဇာတ်၊ ကြာညွတ်ညောင်ရွက်သွင်။
1139 ॥ အစော်ကားဆင်၍၊ ဆဲ့နှစ်မြတ်၊ ဝန်းပတ်လေးသစ်ပင်။
1140 ॥ ပျားရည်ပင်မှတ်၊ ရည်ပြွတ်ပြွတ်၊ ညစ်ပတ်သောခါလျှင်။
1141 ॥ အဟုတ်အဟတ်၊ တန်ဘိုးပြတ်၊ ရွှေမြတ်အသိန်းစင်။
1142 ॥ ဒရယ်နင့်ဆတ်၊ ကျွဲးနယ်ခတ်၊ မတ်တတ်လည်းလေကျင်။
1143 ॥ ကြမ္မာဥပဒ်၊ မောသောခတ်၊ လတ်ဆတ်မကြာတင်။
1144 ॥ ရွတ်ရွတ်ဘတ်ဘတ်၊ ဖိုလ်ဟိတ်ခတ်၊ ဆတ်ဆတ်ကြားစေချင်။

1145 ။ လတ်လတ်ဖတ်ဖတ်၊ ဆင်းရုပ်ဓာတ်၊ ထွားမွတ်ပြာသက်စင်။

1146 ။ ပျံ့သွားမတတ်၊ နွယ်တန်းခတ်၊ ဖတ်ဖတ်မောမျှပင်။

1147 ။ ကိုင်ဆွဲအဝတ်၊ သူ့ကိုချွတ်၊ လျော်ဝတ်သုံးဆယ်ပင်။

1148 ။ နာမပညတ်၊ ကြံသင်းကျွတ်၊ ချီချွတ်မချီကျင်။

1149 ။ တိုက်တချွတ်ချွတ်၊ ကျောက်နှင့်ပွတ်၊ လတ်လတ်အရောင်တင်။

1150 ။ ထမ်းပိုးယုဂတ်၊ ကြည့်မတ်မတ်၊ သူမြတ်ဆွမ်းခံဝင်။

1151 ။ နလုံးကြွပ်ဆတ်၊ ပဋိဃာတ်၊ လေးမြတ်ငါးရာစင်။

1152 ။ ဦးဆံမလွတ်၊ ရေမိုးစွတ်၊ သုတ်ပွတ်ကြေးညှင်းစင်။

1153 ။ သွားလေစွတ်စွတ်၊ စေလိုက်လွှတ်၊ ရွာပွတ်အင်သို့ဝင်။

1154 ။ ပြောင်းဝက်မလွတ်၊ သီးဖျားဆွတ်၊ စွတ်နှင့်အပြည့်တင်။

1155 ။ လွဲးလွဲးချွတ်ချွတ်၊ လျင်ရွှတ်ရွှတ်၊ စွတ်သိတိုက်သည့်သွင်။

1156 ။ ကျိုင်းတုံကျော်ဖတ်၊ ဝက်မစွတ်၊ ကျောက်ခတ်မြို့ရွာပင်။

1157 ။ အောင့်အောင့်ကျွတ်ကျွတ်၊ မဆိုတတ်၊ ငေါက်ဆတ်စကားပြင်။

1158 ။ ရေမသောက်တတ်၊ ချေတည့်ဆတ်၊ ရေငတ်လေလေနင်။

1159 ။ ထမင်းစိမ့်ဆတ်၊ ပုန်းရည်ဖတ်၊ ဆာမွတ်လေလေဝင်။

1160 ။ မုချဆတ်ဆတ်၊ စကားတတ်၊ ပြင်္ပြင်္ဗာန်းဗာန်းငင်။

1161 ။ တံတိုင်းစနတ်၊ ပိုင်းတန်းခတ်၊ ကျောက်ဆတ်ကုန်းအပြင်။

1162 ။ ပါသည်တံဆတ်၊ သင်တိုင်းဝတ်၊ ငှက်ခတ်သမားတွင်။

1163 ။ ရွှေဝါရင်ပတ်၊ ကြွေမတတ်၊ မိန်းပြတ်ဆွတ်ဆွတ်ကျင်။

1164 ။ လေ့လျော့တက်ခတ်၊ မညီညွတ်၊ လှိုင်းပြတ်ဝဲမှာတင်။

1165 ။ မြေနီသရွတ်၊ အပြည့်သွတ်၊ ကျတ်သလွန်ရှင်ပင်။

1166 ။ နောင့်ရေဖျန်းပြွတ်၊ ပက်လိုက်လွှတ်၊ ကျွတ်လေမဲ့ရွှေရင်။

1167 ။ မလွဲးမချွတ်၊ တည်မြဲးဝတ်၊ ဟင်းပွတ်အိုးနှင့်ပင်။

1168 ။ အခါဝိမာသ်၊ သီတင်းကျွတ်၊ ကြေးပတ်စည်သံလွင်။

1169 ။ ကြလိုကြခတ်၊ ညို့လတ်လတ်၊ ခုတ်ဖြတ်ထားနှင့်ထွင်။

1170 ။ ပုဆိုးပုံကတ်၊ ပိတ်ကျည်းခတ်၊ ကရတ်ခါသာဖျင်။

1171 ။ အစဉ်မပြတ်၊ ခြေရာဘတ်၊ လာလတ်ပါစေချင်။

1172 ။ မဲ့ကိုဆတ်ဆတ်၊ စုန်းဟုမှတ်၊ ရုပ်ပတ်လူပုံယင်။

1173 ။ ချမ်းသာဖျက်တတ်၊ ခြောက်ချက်မှတ်၊ ညစ်ပတ်ကျင့်လေးအင်။

1174 ။ ပန်းမော်ငပတ်၊ ခေါ်ပညတ်၊ တသတ်ရေးစေချင်။

1175 ။ လွန်းနှင့်လက်ခတ်၊ မကိုင်တတ်၊ နတ်ကရှုပ်ချင်ချင်။

1176 ။ ဂန္ဓမာနတ်၊ နာဂဒတ်၊ မဂ်မြတ်အစထွင်။

1177 ။ ယက်ချောညီညွတ်၊ ရာဇမတ်၊ ပတ်ပတ်ကာဝန်းကျင်။

1178 ။ မွေးဘလက်ပြတ်၊ ဆေးကိုပွတ်၊ ဒဟတ်သကိုင်းပင်။

## အိတ် ကာရန် ၅၄ ပုဒ်

1179 ။ ရှင်စောမြတ်စိတ်၊ သုံးလူ့မိတ်၊ ဗျာဒိတ်တော်ကျူးရင့်။

1180 ။ နော်မာသောင်မြိတ်၊ ဆံတော်ရိတ်၊ ရွှေစိတ်တော်ပွင့်ပွင့်။

1181 ။ ပြဟ္မာရေးမိတ်၊ လှုဦးညိတ်၊ ပရိက္ခရာနှင့်။

1182 ။ ဆွမ်းအဘိတ်ဘိတ်၊ တသပိတ်၊ တဆိတ်စာသာဆင့်။

1183 ။ ဆန်တတင်းစိတ်၊ နောင့်လွယ်အိတ်၊ ဘိတ်မည်အပွင့်ပွင့်။

1184 ။ မစ္ဆေရစိတ်၊ ချွန်းနယ်ချိတ်၊ ဆွေမိတ်မဘွဲ့သင့်။

1185 ။ ဆံခြည်ဆယ်စိတ်၊ မယွင်းဘိတ်၊ မချိတ်မငင်ကျင့်။

1186 ။ လူသံတိတ်တိတ်၊ ညံ့ဆိတ်ဆိတ်၊ ပရိတ်ရွတ်ချိန်သင့်။

1187 ။ မျက်စိကိုမှိတ်၊ လည်ကိုညိတ်၊ လက်ဆိတ်တို့ကာပင့်။

1188 ။ စည်းခြံပိတ်ပိတ်၊ ပုဏ္ဏာရိက်၊ ဖြတ်ဆိတ်ဖူးညွှန့်ပွင့်။

1189 ။ ကျွဲးနွားဘုတ်ပြိတ်၊ မြင်းမြည်းဆိတ်၊ အဟိတ်ပီပီကျင့်။

1190 ။ ဗာလီကဏိဋ်၊ ရာမမိတ်၊ သုကျိတ်ခေါ်သံလွင့်။

1191 ။ သမာသ်တဒ္ဓိတ်၊ အာချာတ်ကိတ်၊ ခက်ကျိတ်ရောက်သည်နှင့်။

1192 ။ မြေပြင်ဖုံးပိတ်၊ ဒေါင်းမုတ်ဆိတ်၊ မြက်ပြိတ်ရောက်သည်နှင့်။

1193 ။ သွားတကျိတ်ကျိတ်၊ မရှုဆိတ်၊ စိတ်လည်းကောက်သည်နှင့်။

1194 ။ မုတ်နားမုတ်ဆိတ်၊ သွယ်မြိတ်မြိတ်၊ မိတ်လည်းပေါက်သည်နှင့်။

1195 ။ နောင်အိမ်လည်းပိတ်၊ ခြေချင်းကျိတ်၊ ထိတ်လည်းစောက်သည်နှင့်။

1196 ။ မင်္ဂလာတိတ်၊ အောင်မည့်ဟိတ်၊ ဘိသိက်မြှောက်သည်နှင့်။

1197 ။ ရှားစောင်းသိင်္ဂနိတ်၊ ညက်အောင်ကြိတ်၊ ပိတ်တကျည်လှောက်ဆင့်။

1198 ။ ပရိတ်ချည်ဆိတ်၊ ပုဆိုးပိတ်၊ မြိတ်ဆာရှည်သည်နှင့်။

1199 ။ စမွတ်စမြိတ်၊ ပုတီးကျိတ်၊ ဆိတ်ဖူးစည်သည်နှင့်။

1200 ။ မိုဃ်းတစိတ်စိတ်၊ သွန်းချဘိတ်၊ ကျိတ်ကျိတ်မြည်သည်နှင့်။

1201 ။ စိုးတထိတ်ထိတ်၊ လက်ဖြင့်ဆိတ်၊ ကြောက်စိတ်လည်သည်နှင့်။

1202 ။ ညိုးတညိတ်ညိတ်၊ ပြောင်ထိတ်ထိတ်၊ ဘိတ်ဘိတ်ရောင်ခြည်လွင့်။

1203 ။ ကျိတ်ကျိတ်လိတ်လိတ်၊ ဝန်တိုစိတ်၊ ပိတ်သည်းပိတ်နည်းကျင့်။

1204 ။ မခွဲးမစိတ်၊ ကော်ခတ်ကြိတ်၊ တိတ်တွေးစာနာသင့်။

1205 ။ အခေါင်ပဏ္ဍိတ်၊ ပုရောဟိတ်၊ အတိတ်နာဂတ်ဘွင့်။

1206 ။ ကောသနိက်၊ စီဝရိက်၊ ကျိတ်ကျိတ်ခဲခဲကျင့်။

1207 ။ ငှက်ကရဝိက်၊ ကျူးရင့်ထိတ်၊ သူ့စိတ်ငါ့စိတ်သင့်။

1208 ။ အစွန်အမြိတ်၊ ကာဏာရိဋ်၊ မှိတ်တုတ်တဘက်ဘွင့်။

1209 ။ တဖျော့ဆိတ်ဆိတ်၊ မျက်စိမှိတ်၊ ပိတ်တုံဖုံးတုံဘွင့်။

1210 ။ အမြဲးအနိစ်၊ ဝိပရိတ်၊ တဆိတ်မထောက်ချင့်။

1211 ။ ရွာမန်းစရိတ်၊ မြို့မိုးမိတ်၊ မိုင်းစိတ်ရှမ်းအကျင့်။

1212 ။ သီတင်းအဘိတ်၊ ကျင့်စာရိတ်၊ ဆို့ပိတ်မပျံ့လွင့်။

1213 ။ ဝမ်းကျသည့်ပိတ်၊ မစဲးတိတ်၊ ပိတ်သင်းခတ်နှင့်သင့်။

1214 ။ ကံကျွေးစရိတ်၊ ဆဲ့သုံးစိတ်၊ ပင့်ဘိတ်ဆော်လှော်နှင့်။

1215 ။ ရွှေသိင်္ဂနိက်၊ ကျောက်ဂေါ်မိတ်၊ ရောင်ဘိတ်မှောင်မျိုးလွင့်။

1216 ။ ကန်အမနိတ်၊ ဂြိုဟ်မှာကိတ်၊ နိမိတ်ယူကြလင့်။

1217 ။ ငါးငသံချိတ်၊ ဗုဗ္ဗန်ဆိတ်၊ ထိုးထိတ်ရေပေါ်လွင့်။

1218 ။ မရှုံ့မထိတ်၊ ရဲးသည့်စိတ်၊ ပရိက္ခာနည်းဘွင့်။
1219 ။ ခဲးခဲးကျိတ်ကျိတ်၊ မယွင်းဘိတ်၊ အဓိဋ္ဌာတဆင့်။
1220 ။ ဝါဖန်ဝါကြိတ်၊ အိမ်လုံးထိတ်၊ မဆိတ်ညံသည်ဖြင့်။
1221 ။ ကြာပုဏ္ဍရိက်၊ ကြာတင်းတိတ်၊ ချပ်ပိတ်ရံကာဆင့်။
1222 ။ သစ်ပိုးတောက်ဆိတ်၊ ငှက်ခင်ထိတ်၊ ကျိတ်ထားပုံတမြှင့်။
1223 ။ ပဋ္ဌနန္တရိက်၊ ကံအပိတ်၊ ပြိတ္တာမဖြစ်သင့်။
1224 ။ သံဃာဒိသိသ်၊ ဒုဗ္ဘာသိတ်၊ ပါစိတ်အာပတ်သင့်။
1225 ။ ဗေဒင်စဒိတ်၊ ခက်ကိလိဋ်၊ တွက်စိတ်လျင်အောင်ကျင့်။
1226 ။ တံချူနှင့်ချိတ်၊ ခက်ဖျားညိတ်၊ ဆိတ်ဖလူးပင်မြင့်။
1227 ။ မွမ်းမွမ်းထိတ်ထိတ်၊ စပါးရိတ်၊ ကောက်ချိတ်တံစဉ်နှင့်။
1228 ။ ရှင်မွန်သတိတ်၊ မွမ်းမွမ်းညိတ်၊ ရဲးစိတ်နလုံးမြင့်။
1229 ။ ငင်ငင်ချိတ်ချိတ်၊ စေတသိက်၊ စိတ်မှာယှဉ်သဖြင့်။
1230 ။ လှည်းနှင့်ခင်တိတ်၊ နောင့်ကိုကျိတ်၊ ကနိဋ်ကူမသင့်။
1231 ။ သံရောင်ထိတ်ထိတ်၊ ပုခက်ချိတ်၊ ကျိတ်ကျိတ်ကျူးလွှဲးရင့်။
1232 ။ မင်းနန္ဒမိတ်၊ မရှူဆိတ်၊ ရွှေစိတ်ချမ်းသာသင့်။

## အုတ် ကာရန် ၁၁၈

1233 ။ ကျွန်ဆိုးကျွန်ယုတ်၊ ထားဖြင့်ခုတ်၊ အဟုတ်မကျင့်ပြီ။
1234 ။ မတိုးစုတ်စုတ်၊ နောက်သို့ဆုတ်၊ တုတ်နှင့်မဆင့်ပြီ။
1235 ။ ရှုပ်ရှုပ်ပြုတ်ပြုတ်၊ ဘုရားအုဋ်၊ ဖုတ်၍မကျက်ပြီ။
1236 ။ တံစုန်းသစ်ငုတ်၊ ခြောင့်ခလုတ်၊ အဆုတ်မခက်ပြီ။
1237 ။ ပြောင်းပဲးအစုတ်၊ ဖူးတိုင်ဆုတ်၊ မြက်ဖုတ်သွေ့ခဲ့ပြီ။
1238 ။ အအူအဆုတ်၊ ငါ့ကိုနုတ်၊ စုန်းဘုတ်မသွင်းပြီ။
1239 ။ ကြက်နှင့်ယုန်တုတ်၊ ခါနှင့်ဘုတ်၊ သုတ်သုတ်ပျံလေပြီ။
1240 ။ ကြိုးစားအားထုတ်၊ အရကုတ်၊ ညှို့ဖြုတ်လေးသံချီ။
1241 ။ ထောင်းထုသတ်ပုတ်၊ သားရေစုတ်၊ မဆုတ်မဖွဲ့ပြီ။
1242 ။ မျက်ရည်တုတ်တုတ်၊ မီးထင်းမှုတ်၊ ချက်ပြုတ်မပြီးပြီ။
1243 ။ သခွါးငပြုတ်၊ အရေကြုတ်၊ ဆိတ်ကုတ်လက်ရာသီ။
1244 ။ တြိကဋ္ဋုက်၊ ပိတ်ချင်းဟုတ်၊ ငရုတ်ချင်းနီနီ။
1245 ။ လေပြည်သုတ်သုတ်၊ စပါးပုတ်၊ ပေါင်းတုတ်မြည်စီစီ။
1246 ။ မပြတ်မစုတ်၊ နောင့်မျက်သုတ်၊ တမုတ်ဆိုးပီပီ။
1247 ။ စံပါပရုတ်၊ ယူလိမ်းသုတ်၊ ရွှေနုတ်ကွမ်းနီနီ။
1248 ။ မီးယူသစ်ငုတ်၊ ပုန်းစလုတ်၊ ပဲးပြုတ်ထမ်းချီချီ။
1249 ။ သူကောင်းအဟုတ်၊ ပုဆိုးသုတ်၊ ချြုတ်ချြုတ်မြေသီသီ။
1250 ။ သဒ္ဒါမှာသုတ်၊ ဝုတ္တိထုတ်၊ လိင်ဝုစ်အပြီပြီ။
1251 ။ ရွှေကြုတ်ငွေကြုတ်၊ ပန်းထိမ်ခုတ်၊ ဂေါ်မုတ်ပုလဲးစီ။
1252 ။ ဝါစာဖရုသ်၊ လူကြမ်းကြုတ်၊ နှင်ထုတ်လိုက်လေပြီ။

1253 ။ တံပိုးလည်းမှုတ်၊ သေလည်းတုတ်၊ နှုတ်လည်းမစောင့်ပြီ။
1254 ။ အဟတ်အဟုတ်၊ စောင်မာန်ရှုတ်၊ မချုတ်ချယ်ဝံ့ပြီ။
1255 ။ မန္တန်မန်းမှုတ်၊ ဖွဖွစုတ်၊ တီးတုတ်မြည်သံပီ။
1256 ။ မြေမိုးအုတ်အုတ်၊ သဲးသဲးရုတ်၊ ထုတ်ထုတ်ပြတ်လေပြီ။
1257 ။ ဝက်ကလည်းရုတ်၊ ရှဥ့်ကတုတ်၊ သစ်ကြုတ်ရိုက်သံချီ။
1258 ။ ကျေးသားတရုတ်၊ ရှဥ့်တတုတ်၊ ခွါဆုတ်မဝေးပြီ။
1259 ။ အာဃာမျက်ကြုတ်၊ သိမ်းကျားသုတ်၊ နံစုတ်ကောင်လုံးချီ။
1260 ။ ဗလဝါမုန်၊ ဝဲးစလုတ်၊ တုတ်တုတ်မစီးပြီ။
1261 ။ မဟာသမုဒ်၊ မြစ်ဝေဝုစ်၊ သော်တုတ်မကောင်းညှီ။
1262 ။ အမျှော်အကုတ်၊ စားယူနုတ်၊ ရုတ်ရုတ်လျင်လျင်ပီ။
1263 ။ သမာသ်တဒ္ဓုတ်၊ အာချာတ်ကြုတ်၊ ပါဌ်ပုဒ်သင့်အောင်စီ။
1264 ။ လေးအင်မယုတ်၊ ပါတိမုက်၊ ဒုကုဋ်နုတင်နီနီ။
1265 ။ မင်္ဂလသုတ်၊ ဆွမ်းတပုတ်၊ သမုတ်ဆိုရိုးမှီ။
1266 ။ ရှေ့တိုးနောက်ဆုတ်၊ အရကုတ်၊ သမုစ္စယပြီ။
1267 ။ ပစ္စည်းနှင့်ပုဒ်၊ ယှဥ်ချုတ်ချုတ်၊ တဒ္ဓုတ်ဆဲ့ငါးလီ။
1268 ။ သုံးဆယ့်ငါးပုဒ်၊ ဝဂ်ဝုတ်၊ ချုတ်ချုတ်မတိုက်ပြီ။
1269 ။ သို့စင်ကြိုးကုတ်၊ ကမ္မစုတ်၊ မဟုတ်မမှန်ပြီ။
1270 ။ ဇာတာအဟုတ်၊ ခုနစ်အုတ်၊ သမ္မုဒ္ဒအဆီ။
1271 ။ အရက်နှင့်မုတ်၊ လေကိုထုတ်၊ ဝမ်းရုတ်မိုဃ်းသံပီ။
1272 ။ မြေပေါက်မဟုတ်၊ ခွေးမြီးပုတ်၊ တမုတ်ကြိုးနှင့်သီ။
1273 ။ နည်းနာမှန်ဟုတ်၊ နေတွဲထုတ်၊ တိပုက္ခလပြီ။
1274 ။ စည်သံပြုတ်ပြုတ်၊ ပလုတ်တုတ်၊ တီးမှုတ်တီးမှုတ်သီ။
1275 ။ ခဏချက်ဖြုတ်၊ တမုဟုတ်၊ တသုတ်တသုတ်ချီ။
1276 ။ ဈွေ့ဈွေ့စုတ်စုတ်၊ မိုတ်တုတ်တုတ်၊ နောက်ဆုတ်နောက်ဆုတ်မှီ။
1277 ။ စေတီလိုဏ်မုန်၊ အလှုထုတ်၊ ဂါဝုတ်ဂါဝုတ်စီ။
1278 ။ အိမ်ဆင့်စမုတ်၊ ကျောင်းမုန်ထုတ်၊ ထွာရှုတ်ထွာရှုတ်စီ။
1279 ။ အင်းအဋ္ဌမုန်၊ ချနည်းဟုတ်၊ လှည့်ဝုတ်လှည့်ဝုတ်လီ။
1280 ။ တဆယ်ဝင်ယုတ်၊ စပါးပုတ်၊ ကုတ်ကော်ကုတ်ကော်ချီ။
1281 ။ အမွေးစုတ်စုတ်၊ ပြောင်းဘူးဖုတ်၊ မပြုတ်မပေါင်းပြီ။
1282 ။ သမ္မာသမ္ဗုဒ်၊ ဂုဏ်တော်စုတ်၊ အုတ်အုတ်ကျက်ကျက်သီ။
1283 ။ အလွန်အယုတ်၊ ထွာနှင့်မုဋ်၊ အလုတ်အလတ်ပြီ။
1284 ။ ကြိုးကြိုးကုတ်ကုတ်၊ လူဝေတုတ်၊ စည်ပုတ်တီးမည်ချီ။
1285 ။ တနယ်မဟုတ်၊ မြေသဲးဖုတ်၊ သုသာန်တစပြီ။
1286 ။ ကျောက်ကောင်းအစုတ်၊ တွင်းကထုတ်၊ မိုးကုတ်ကျပ်ပြင်ဆီ။
1287 ။ အပတ်တကုတ်၊ မြို့တာအုဋ်၊ ခြုတ်ခြုတ်ကျအောင်စီ။
1288 ။ မြေတွင်ငုတ်ငုတ်၊ ပိုးမည်းဖုတ်၊ ဖြီးဖြုတ်မရှိပြီ။
1289 ။ ဖြိုးဖြိုးဖြုတ်ဖြုတ်၊ အစပ်ပြုတ်၊ လှည်းကုတ်ကိုမပီ။
1290 ။ သစ်သားလက်ထုတ်၊ ကော်သည့်ကုတ်၊ တုတ်ထက်မခိုင်ပြီ။

1291 ။ နေနှင့်ငုတ်လုတ်၊ လိုက်စုတ်စုတ်၊ ရှာကုတ်ကဲ့တွင်မှီ။
1292 ။ ဣာရိယာပုတ်၊ မဟာဘုတ်၊ လွန်ယုတ်ဓာတ်မညီ။
1293 ။ လျင်လျင်ရုတ်ရုတ်၊ ရိုက်တည့်ပုတ်၊ ဖုတ်ဖုတ်မမြည်ပြီ။
1294 ။ ရေခွက်ရေမှုတ်၊ လျှာဘို့ထုတ်၊ လက်သုတ်ပဝါနီ။
1295 ။ ပဌာန်းတိက်ဒုက်၊ မိန့်တော်ထုတ်၊ ရွှေနုတ်ကျူးခဲ့ပြီ။
1296 ။ လောကီလောကုတ်၊ ကျေးဇူးဟုတ်၊ ဝိမုတ်အင်ငါးလီ။
1297 ။ သိန်းနှင့်ပက္ကျသ်၊ မျက်မာန်ကြုတ်၊ မရှုတ်မချပြီ။
1298 ။ မျက်မှောင်ကြုတ်ကြုတ်၊ ဥပဂုတ်၊ ပယ်ထုတ်မာရ်ကိုဘီ။
1299 ။ သီတင်းဥပုသ်၊ မဟာဒုဂ်၊ မယုတ်မမာပြီ။
1300 ။ တည်ပင်နှင့်ကြုတ်၊ ဝါးရင်းတုတ်၊ လက်ထုတ်ရပ်ရွာဆီ။
1301 ။ သံတကြုတ်ကြုတ်၊ မြည်ခုတ်ခုတ်၊ ရုတ်ရုတ်မဆိုပြီ။
1302 ။ ပြိတ္တာအစုတ်၊ ဂိဇ္ဈကုဋ်၊ ကျေးနုတ်မြင့်သီသီ။
1303 ။ ရှင်အသဂုတ်၊ ရာဂနုတ်၊ တုတ်တုတ်မတုန်ပြီ။
1304 ။ အမြိတ္တာစုက်၊ ဝရယုဂ်၊ လဆုတ်လဆန်းမှီ။
1305 ။ ဖြူဖြူတုတ်တုတ်၊ ငုက်စလုတ်၊ ခြုတ်ခြုတ်မျိုလိုက်ပြီ။
1306 ။ ဒိသာပါမုက်၊ ခေါ်တွင်ဟုတ်၊ စက်ခုတ်ပျဉ့်နှယ်ညီ။
1307 ။ ချစ်ချစ်ချုတ်ချုတ်၊ ကျမ်းတံသုတ်၊ စုတ်စွဲးမကျင့်ပြီ။
1308 ။ ပရိယာယ်ဝေဝုစ်၊ ပရယုဂ်၊ ဘော်ထုတ်အလီလီ။
1309 ။ လည်လည်ဝုတ်ဝုတ်၊ ပန်းချီစုတ်၊ မသုတ်မသင်ပြီ။
1310 ။ မြည်တစုတ်စုတ်၊ ဝမ်းမှာတုတ်၊ ငင်နုတ်ဆေးစုံညီ။
1311 ။ တွင်မှာချုတ်ချုတ်၊ ခတ်သည့်တုတ်၊ မပြုတ်နိုင်အောင်စီ။
1312 ။ ကျားကျားတုတ်တုတ်၊ တောကြွက်စုတ်၊ ကိုက်ဆုတ်ဖျက်လေပြီ။
1313 ။ ထိုးထိုးထုတ်ထုတ်၊ မင်သေ့စုတ်၊ နာဟုတ်သူငယ်ချီ။
1314 ။ တိရစ္ဆာန်ဖြုတ်၊ သွေးသံစုတ်၊ ထုတ်ချင်းလျှိုလိုက်ပြီ။
1315 ။ နပုန်းပဏ္ဍုက်၊ ကာလသုတ်၊ ခြုတ်ခြုတ်ကျလေပြီ။
1316 ။ အခွန်အတုတ်၊ ပေးဟုထုတ်၊ ပုတ်ရွာငွေနှ်ဆီ။
1317 ။ အစမဖြုတ်၊ တီးစည်ပုတ်၊ တုတ်တုတ်မြည်သံပီ။
1318 ။ ဆားတောင်တီးတုတ်၊ ခေါ်သမုတ်၊ စည်ပုတ္တရာဆီ။
1319 ။ ပျောင်းပျောင်းထုတ်ထုတ်၊ သုဓါဘုတ်၊ သင်ပုဇ်တင်လေပြီ။
1320 ။ ရွှေစာသံယုတ်၊ ကေဝုစ်၊ ပါဠ်ပုဒ်အပြီပြီ။
1321 ။ စိတ်မဟဂ္ဂုတ်၊ သမ္မယုတ်၊ ဘော်ထုတ်ပန်းနှယ်သီ။
1322 ။ ကျားနှင့်သစ်ကြုတ်၊ ကြက်ကိုမှုတ်၊ ဖုတ်ဖုတ်ကျလေပြီ။
1323 ။ ပြိန္တောကထုတ်၊ ပဥ္စဘုတ်၊ အဟုတ်နိဒါန်းစီ။
1324 ။ ငုက်ခရုတ်တုတ်၊ ခရုစုတ်၊ သုတ်သုတ်ပျံကာချီ။
1325 ။ အလျောင်အပြုတ်၊ ပရိဘုတ်၊ ကြုတ်ကြုတ်မျိုလေပြီ။
1326 ။ မီးခိုးပြုတ်ပြုတ်၊ သရဘုတ်၊ ချက်ပြုတ်ဖြင်ပေါ်သီ။
1327 ။ ပွေးညှင်းဝက်ခြုတ်၊ တွင်ယူစုတ်၊ ပယ်ထုတ်သွေးရည်နီ။
1328 ။ ထွက်သည့်ယုန်တုတ်၊ ခွေးမြီးပုတ်၊ သုတ်သုတ်လိုက်လေပြီ။

1329 ။ တင်ရိုက်ဆောက်ပုတ်၊ လှင်ကန်တုတ်၊ ကရုတ်ကရက်ချီ။
1330 ။ ပါဠုလိပုတ်၊ ဝဇီမုတ်၊ စေတုတ်ကောသမ္ဘီ။
1331 ။ ခြောက်တောင်မုဋ္ဌယုတ်၊ နံ့သာကြုတ်၊ ပယ်ထုတ်ခေါ်ဘနီ။
1332 ။ မိတ်ခင်ပွန်းဖြုတ်၊ စာဂယုတ်၊ ပုတ်သင်ကျင့်လဇ္ဇီ။
1333 ။ ငရဲးသစ်ငုတ်၊ ကာလသုတ်၊ တုတ်၍ကျိုးခဲ့ပြီ။
1334 ။ သူတော်မဟုတ်၊ ကျွန်ယစ်တုတ်၊ ပြစ်ထုတ်အပြီပြီ။
1335 ။ ဝက်ခံ့ဝက်ခုတ်၊ သညာထုတ်၊ သမုတ်အလီလီ။
1336 ။ သူတော်ဟုတ်ဟုတ်၊ ဟင်းရည်တုတ်၊ ရှုတ်ရှုတ်မမြည်ပြီ။
1337 ။ ရှင်မည်းရှင်ချုတ်၊ ရှင်အိုးပုတ်၊ ရှင်ပုတ်ရှင်ပိုးစီ။
1338 ။ မွဲးမွဲးသုတ်သုတ်၊ ရှင်ပွေးတုတ်၊ ချက်စုတ်ရှင်နှင်းဤ။
1339 ။ ငရဲးသစ်ငုတ်၊ ထားနှင့်ခုတ်၊ ကတုတ်နှင့်မဆီ။
1340 ။ အကန့်အပုဒ်၊ ယတိဖြုတ်၊ ဟုတ်ဟုတ်ဟတ်ဟတ်စီ။
1341 ။ ကျွဲးကောမင်းကုတ်၊ နွားစားငုတ်၊ မျောက်လုတ်နှင့်သစ်တီ။
1342 ။ သူတော်မဟုတ်၊ ခင်ပွန်းဖြုတ်၊ ပုတ်သင်ကျင့်လဇ္ဇီ။

## အပ် ကာရန် ၁၂၅ ပုဒ်

1343 ။ ကျောက်စုံစီကွပ်၊ ရွှေကွမ်းချပ်၊ ကြပ်ကြပ်ထားတည့်ပါ။
1344 ။ မြို့ရွာတိုင်းကျပ်၊ နစ်ပြည်စပ်၊ ထက်ကြပ်မနေရာ။
1345 ။ တောင်ကျပ်မြောက်ကျပ်၊ မသွားအပ်၊ ကြပ်ကြပ်မနင်းသား။
1346 ။ မင်းကပေးလာဘ်၊ ဆုသစ်ထပ်၊ မြို့ရပ်ကျေးပြည်ရွာ။
1347 ။ အကြားအလပ်၊ လွန်စေ့စပ်၊ အချပ်ထပ်တရာ။
1348 ။ ခြောက်ဆဲ့လေးထပ်၊ အန္တကပ်၊ တရပ်သင်္ချေယျာ။
1349 ။ သင်္ချေယျကပ်၊ လေးကြိမ်ထပ်၊ စပ်မှတကမ္ဘာ။
1350 ။ လူဆိုးလူရှုပ်၊ မကျင့်အပ်၊ မလပ်ဝီစိမှာ။
1351 ။ ရာဂလည်းတပ်၊ မှားသုံးသပ်၊ ရှုးသွပ်လူမိုက္ခာ။
1352 ။ နင်းတိုင်းကြွပ်ကြွပ်၊ စူးရှပ်ရှပ်၊ ဖပ်ဖပ်သွေးပြည်ပါ။
1353 ။ လန့်ဖျပ်လန့်ဖျပ်၊ ပွဲတင်ထပ်၊ တိမ်းမပ်မူးဝေဆာ။
1354 ။ စဆွံ့စရပ်၊ ရွှေပြားကပ်၊ တင့်အပ်နေဘွယ်သာ။
1355 ။ ဟိရိဩတ္တပ်၊ သင်းခွေချပ်၊ နိမ့်ဝပ်သူ့မျက်နှာ။
1356 ။ ခွေးနယ်တွပ်တွပ်၊ ကိုက်တည့်ဟပ်၊ လက်ပပ်မြွေပြိတ္တာ။
1357 ။ ပြုတ်ပြုတ်ရှပ်ရှပ်၊ ငွေငါးကျပ်၊ ရွက်ထပ်မှုတ်တည့်ပါ။
1358 ။ မလွတ်မလပ်၊ သူနှင့်တပ်၊ လက်ထပ်မနင်းရာ။
1359 ။ ကြက်မှာကားခွပ်၊ ငှက်မှာဆွပ်၊ ပညပ်ခေါ်ဝေါဟာ။
1360 ။ သုံးလွန်းချည်တပ်၊ တရုပ်အပ်၊ ချုပ်စပ်သင်္ကန်းလွှာ။
1361 ။ ပိုးခင်းခြောက်တပ်၊ ထသင်းကြွပ်၊ ပပ်ကြားအက်၍အာ။
1362 ။ စိစိရှုပ်ရှုပ်၊ လည်ကိုညှပ်၊ နိုပ်ကွပ်မင်းအာဏာ။
1363 ။ ပြောင်းလေးထူထပ်၊ ကွေ့ကတပ်၊ ကြိုးချပ်လုံလုံကာ။

1364 ။ လျှံပြည့်ထပ်ထပ်၊ မိုးဝယ်လျှပ်၊ လျှပ်လျှပ်ပါးလွှာလွှာ။
1365 ။ ခြေနင်းဘိနပ်၊ ခြေတွင်တပ်၊ စီးစွပ်သွားသောခါ။
1366 ။ တကောင်တညှပ်၊ မောကိုးထပ်၊ သောင်သွပ်ရှမ်းနေရာ။
1367 ။ ပေါင်းနွမ်းရိပ္ပပ်၊ ညစ်ကြေးကပ်၊ ဖွပ်၍ထားသေချာ။
1368 ။ နောင်မင်းလက်ကြပ်၊ တရားကျပ်၊ လက်စွပ်ကျောက်နီလာ။
1369 ။ အလျားပျပ်ပျပ်၊ ရင်ဖြင့်အပ်၊ မြေဝပ်သုမေဓာ။
1370 ။ မြီပေါင်းမဆပ်၊ မြီသစ်ထပ်၊ မနပ်ကျိုးဟုတ်ကာ။
1371 ။ ငှက်ကျားငှက်စပ်၊ ဘိဘိညှပ်၊ ပျားဖွပ်အလိမ္မာ။
1372 ။ မှာဘက်ကမ်းယပ်၊ မကူးခပ်၊ တန့်ရပ်မျှော်ငံ့ကာ။
1373 ။ ပေါင်အောက်မြီးချပ်၊ ကြောင်ကြီးဝပ်၊ တီးရှုပ်လင်းကွင်းသာ။
1374 ။ အပေါ်ကုန်းစပ်၊ ပန်းမရှုပ်၊ စရုပ်သုဓမ္မာ။
1375 ။ နေပူတံလှပ်၊ ထင်လျှပ်လျှပ်၊ တပ်တပ်မမြင်သာ။
1376 ။ ချောချောသပ်သပ်၊ ထရံကပ်၊ လျှပ်လျှပ်ပါးပါးကာ။
1377 ။ သံပျင်ကလာပ်၊ ကျမ်းဖြို့ဟပ်၊ စပ်စပ်စားစားလျှာ။
1378 ။ သေသေဝပ်ဝပ်၊ မနေအပ်၊ ရပ်ရပ်နားနားကြာ။
1379 ။ နေပူရှိန်စပ်၊ ယပ်နှင့်ယပ်၊ မဏ္ဍပ်ထဲမှာသာ။
1380 ။ ပြောင်းနှင့်ပိစပ်၊ လူးနှင့်ဆပ်၊ မအပ်မဘွယ်ရာ။
1381 ။ နွဲ့လျှင်ကားသပ်၊ ခိုင်လျှင်ထပ်၊ ကျပ်လျှင်သပ်ပင်းပါ။
1382 ။ လက်သည်းကိုအပ်၊ ပင်းသည့်သပ်၊ စပ်စပ်ပူအောင်နာ။
1383 ။ လက်ရန်းဆင်ကပ်၊ ဝန်းဝန်းစပ်၊ သုံးထပ်ကျောင်းဧရာ။
1384 ။ စပယ်စလပ်၊ အထပ်ထပ်၊ ပွင့်ချပ်ငုံရွှေဝါ။
1385 ။ ခွက်ကြုတ်ကလပ်၊ ပြည့်အောင်ထပ်၊ ဖြူဖပ်ကွမ်းရွက်ဝါ။
1386 ။ သွယ်သွယ်သပ်သပ်၊ ပျိုဖပ်ဖပ်၊ လုံးရပ်တင့်လှစွာ။
1387 ။ ကွမ်းလောင်ကွမ်းကျပ်၊ ပန်းသလှပ်၊ ကွမ်းချပ်စလင်းကြာ။
1388 ။ စနေထက်ကြပ်၊ တူလက်တပ်၊ သည်ရပ်မီးလောင်ရာ။
1389 ။ မီးသွေးသုံးကျပ်၊ ကန့်ငါးကျပ်၊ ဆယ်ကျပ်ယမ်းထည့်ပါ။
1390 ။ ပတ္တမြားပွင့်ချပ်၊ အမည်တပ်၊ ပညပ်မီးပန်းမှာ။
1391 ။ ဝံသလေးထပ်၊ ဘွဲ့ဆိုအပ်၊ လေးရပ်အဝတ္ထာ။
1392 ။ လဟုမချပ်၊ လေးလုံးစပ်၊ ပညပ်ပတိဋ္ဌာ။
1393 ။ ဆန်းတွင်ဝိကပ်၊ ဂိုဏ်းဆင့်တပ်၊ အထပ်အထပ်သာ။
1394 ။ သဒ္ဒါဝိကပ်၊ ကြံစည်အပ်၊ အရပ်အရပ်သာ။
1395 ။ ဓိဋ္ဌာန်ဝိကပ်၊ ပုံပြင်ဟပ်၊ အကြပ်အကြပ်သာ။
1396 ။ ဂုဏ်နှင့်ဒြဗ်၊ သင့်အောင်ဟပ်၊ အစပ်အစပ်သာ။
1397 ။ အချပ်အချပ်၊ ငှက်ပျောပပ်၊ အလုပ်အလုပ်ခွါ။
1398 ။ အခွံအပပ်၊ ပွင့်ချင်းထပ်၊ အချပ်အချပ်ကြာ။
1399 ။ မစေ့မစပ်၊ ကော်ဖြင့်ကပ်၊ ငပ်လွှားငပ်လွှားကွာ။
1400 ။ ဆီးတောမတွပ်၊ နင်းမစပ်၊ ပယပ်ကျယ်တို့ရှာ။
1401 ။ မြင်းတော်လျှပ်လျှပ်၊ ပျံချပ်ချပ်၊ အာစပ်ရေပါးလွှာ။

1402 ။ ဖြောင့်စင်းတင်သပ်၊ ထောင်ထောင်ချပ်၊ သုံးထပ်စီးအင်္ဂါ။
1403 ။ အမတ်သုံးထပ်၊ မြင်းစီးအပ်၊ အကြပ်လည်းသုံးဖြာ။
1404 ။ ငါးချက်စမ်းသပ်၊ ချပ်သုံးထပ်၊ သုံးရပ်မလွန်ရာ။
1405 ။ ဆက်ချွန်းအာစပ်၊ ဖွေပန်းချပ်၊ စီးအပ်ခုနစ်ဖြာ။
1406 ။ မင်းတို့မှတ်အပ်၊ ဆင်ဇွေ့ရပ်၊ သုံးထပ်ကြုံသောခါ။
1407 ။ သုံးမည်အကြပ်၊ မင်းစီးအပ်၊ သုံးထပ်ဆင်ပေါ်မှာ။
1408 ။ အထိသုံးထပ်၊ ချွန်းရိုးချပ်၊ နံကပ်စေ့မှသာ။
1409 ။ နာမောင်းနာရှုပ်၊ ခြေဘီနပ်၊ စေ့စပ်မြဲးသေချာ။
1410 ။ သေယျလေးထပ်၊ ခေါ်ပညပ်၊ နီးချပ်စေခါခါ။
1411 ။ ဂဠုန်တောင်ပျပ်၊ ကန်တွင်ရပ်၊ နှုတ်လျှပ်ပါးမည်လွှာ။
1412 ။ ကုံမိန်နှစ်ရပ်၊ ဂဠုန်ဝပ်၊ ဖြီးထပ်ပွါးဥစ္စာ။
1413 ။ သိဟ်တွင်ကြပ်ကြပ်၊ ဂဠုန်ဝပ်၊ ချစ်တပ်မိမာတာ။
1414 ။ လုံးလေချပ်ချပ်၊ ဆေးကလပ်၊ ပိုးဟပ်ချေးခန့်သာ။
1415 ။ ထားဝယ်အရပ်၊ ခရုရှပ်၊ ဖြုလုပ်ဆွဆွဝါ။
1416 ။ သဘော်ကူးရှပ်၊ လှေတက်ရပ်၊ အရွပ်စုဗိုလ်ပါ။
1417 ။ တမာတောက်ရပ်၊ မစားအပ်၊ မီးယပ်မဲ့အနာ။
1418 ။ ရိုက်တဖျပ်ဖျပ်၊ စောင့်ပျပ်ပျပ်၊ ကွပ်ညှပ်နှောင့်ဆရာ။
1419 ။ ကျမ်းခုနစ်ထပ်၊ နို့ဘိုးဆပ်၊ သင်အပ်ဘိဓမ္မာ။
1420 ။ အရောင်လျှပ်လျှပ်၊ ရွှေရည်ပြွပ်၊ မိုးယပ်ပုံခုန်ကာ။
1421 ။ ပြည်တရှုပ်ရှုပ်၊ သွေးဖပ်ဖပ်၊ နပ်နှင့်ရွံ့စရာ။
1422 ။ ရိက္ခာစားနပ်၊ ပေးဆုလာဘ်၊ လက်ယပ်ခေါ်ငင်ကာ။
1423 ။ အငန်အစပ်၊ ချဉ်သနပ်၊ လာဘ်သပ်ထူပြောစွာ။
1424 ။ ထမင်းမနပ်၊ မီးမှာနပ်၊ ဆန်ဖွပ်မဟုတ်ပါ။
1425 ။ နိမ့်နိမ့်ပျပ်ပျပ်၊ သူ့အနပ်၊ ကပ်ယပ်မှီခိုလာ။
1426 ။ တည်လေထွက်နပ်၊ ပျိုဖွပ်ဖွပ်၊ မလျှပ်မပေါ်ရာ။
1427 ။ လျှော်လေပြွပ်ပြွပ်၊ ကဝါဖွပ်၊ ဆပ်ပြာငန်မှသာ။
1428 ။ မသင့်မအပ်၊ လျော်ပြစ်တပ်၊ ယိုးစွပ်ခြင်းလေးဖြာ။
1429 ။ မြည်တစပ်စပ်၊ မစားအပ်၊ ပညပ်မိန့်တော်လာ။
1430 ။ နှုတ်သီးစပ်စပ်၊ စာရင်းတွပ်၊ ဘရုပ်တိုက်လေကာ။
1431 ။ ရှားစောင်းလက်ပပ်၊ ရှားစပ်စပ်၊ နပ်နပ်ကျိုမှသာ။
1432 ။ ချက်ကျစပ်စပ်၊ ကိုယ်ကိုကွပ်၊ မလျှပ်မပေါ်ရာ။
1433 ။ ထားမပဲးခွပ်၊ သွားချပ်ချပ်၊ သနပ်လျှော်ဆုတ်ခွါ။
1434 ။ အိပ်နေနိုးချပ်၊ တငပ်ငပ်၊ လျင်လျပ်ငါ့ပညာ။
1435 ။ တန်းခွန်လျှပ်လျှပ်၊ မင်းခေါ်တပ်၊ ထောင့်ခပ်ယွန်းကလာ။
1436 ။ ကာယဒြပ်၊ ရုပ်ကလာပ်၊ ဘေးခပ်သိမ်းနှင့်ကွာ။
1437 ။ အဘိုးသိန်းခပ်၊ နှောင့်ပေါင်းချပ်၊ တည်းစပ်ထိုးသီကာ။
1438 ။ မသုံးမသပ်၊ ခဲးမကြွပ်၊ တေးခပ်ပြာနှင့်သာ။
1439 ။ နိမ့်ခြင်းကွပ်ကွပ်၊ ယို့ပျပ်ပျပ်၊ ရေခပ်မခိုင်းရာ။

1440 ။ ပျဉ်ထောင်အုဋ္ဌ်ကြွပ်၊ မိုးစေ့စပ်၊ အိမ်ယပ်အိမ်ဘီသာ။
1441 ။ ကိစ္စလျပ်လျပ်၊ ပြီးစေအပ်၊ အားလပ်မငံ့ရာ။
1442 ။ ရွာမကျည်းကျပ်၊ မြို့ကြံညှပ်၊ ဆင်းကွပ်ဆိုသည့်ရွာ။
1443 ။ ဟင်းဖြူဝက်ကြွပ်၊ တည်ဒဟပ်၊ နပ်ချိုမဟာကာ။
1444 ။ လဲႈလော်ဟင်းကြွပ် လွန်ခံစပ်၊ ထောင့်ဆပ်ပြာနင့်သာ။
1445 ။ နေပူမလှပ်၊ မခြောက်တပ်၊ ကျပ်ဝယ်တင်လေပါ။
1446 ။ ရွပ်ရွပ်ကြွပ်ကြွပ်၊ နားကိုကျပ်၊ ပျပ်စပ်ထိုင်စကာ။
1447 ။ ဆေးနင့်မစပ်၊ အနာကျပ်၊ ကုသပ်ပျော်ကြောင်းရှာ။
1448 ။ စုံလည်းတပ်တပ်၊ ရှောင်ပေါက်ကျပ်၊ ဖြီးချပ်ပင့်သိမ်းကာ။
1449 ။ ကာလချုပ်စပ်၊ တရုပ်ကပ်၊ ရွက်ထပ်အမြွာမြွာ။
1450 ။ ရေစနီးကပ်၊ ငစင်စပ်၊ နေလှပ်မခံမာ။
1451 ။ မင်းစေတိုက်လျှပ်၊ အစစ်အပ်၊ ယိုးစွပ်တော့မည်သာ။
1452 ။ သကာမုန့်ကြွပ်၊ နောင့်ကိုကပ်၊ အာစပ်လှစ်ဘွင့်ကာ။
1453 ။ ငါနင့်မစပ်၊ ရှင်းရှင်းလပ်၊ တောင်ကပ်ဖါးရားကြာ။
1454 ။ ဆံကျင်မြိတ်ချပ်၊ ရွှေနားကပ်၊ စွပ်တပ်ဆင်တန်းဆာ။
1455 ။ မောင်နင့်လက်ထပ်၊ မဲ့ကိုအပ်၊ ဝေးရပ်မကြွသာ။
1456 ။ မျက်နှာချင်းအပ်၊ ပါးချင်းထပ်၊ ကပ်ယပ်ပိုက်ဘက်ကာ။
1457 ။ နဖူးသင်းကျပ်၊ ရိုးတော်ညှပ်၊ ရှောင်လျှပ်ညီးဝင်းဝါ။
1458 ။ ပူပူလှပ်လှပ်၊ အာရုံတပ်၊ တမ်းမပ်မူးမူးဖြာ။
1459 ။ လွမ်းရိလွမ်းပွပ်၊ လွမ်းမျိုးထပ်၊ ကျိန်းစပ်မျက်ရေလျှာ။
1460 ။ ထန်းမှာထန်းပပ်၊ ထန်းပလပ်၊ နှစ်ထပ်ခေါ်ဝေါဟာ။
1461 ။ ဆေးဝါးဆိုးတပ်၊ စိန်နင့်ပြွပ်၊ သစ်ရပ်လျောက်ထုပ်သာ။
1462 ။ ရွှေစက်နှစ်ရပ်၊ သုံးမည်ယပ်၊ အတပ်သိအောင်ရှာ။
1463 ။ ဂဠုန်တောင်ညှပ်၊ မော်တိုယပ်၊ စီးအပ်မြင်းရေးရာ။
1464 ။ အပါယ်လေးထပ်၊ သုံးပါးကပ်၊ ရှစ်ရပ်ဆိုးယုတ်မာ။
1465 ။ ကျွန်ခုနှစ်ရပ်၊ မစေအပ်၊ စေအပ်ခုနှစ်ဖြာ။
1466 ။ ကညာလေးရပ်၊ စွန့်ငါးထပ်၊ ချစ်အပ်တပါးသာ။
1467 ။ သမီးပေးအပ်၊ အင်ရှစ်ထပ်၊ မလပ်မလွတ်ရာ။

## အိပ် ကာရန် ၃၃ ပုဒ်

1468 ။ ကြည်နူးစိပ်စိပ်၊ ဦးတင်ထိပ်၊ နှစ်ကျိပ်လေးဆူတွင်။
1469 ။ သံတော်တံဆိပ်၊ ရွှေပေလိပ်၊ ဦးထိပ်အချိဆင်။
1470 ။ ထွန်းဝင်းရောင်ချိပ်၊ ရွှေညောင်ရိပ်၊ မါရ်နှိပ်ပြီးအောင်မြင်။
1471 ။ ကျွန်းဇမ္ဗူဒိပ်၊ သာချမ်းရိပ်၊ ကူးဆိပ်နိဗ္ဗာန်ခွင်။
1472 ။ တိုင်းတမ္ဗဒိပ်၊ မင်းဝံထိပ်၊ ရန်ဆိပ်ဘုန်းဆေးနင်။
1473 ။ မလည်းမလိပ်၊ ပျော်အောင်သိပ်၊ မအိပ်မစက်ချင်။
1474 ။ ကောက်ညှင်းငချိပ်၊ ခြေနင့်နိပ်၊ အသိပ်အနက်တင်။

1475 ။ မကျဲးမစိပ်၊ ကြယ်ဖျောက်ဆိပ်၊ မှိုင်းရိပ်တိမ်အပြင်။
1476 ။ စန်းကျဂြိုဟ်အိပ်၊ နံ့စံနိပ်၊ မစိပ်မဖြားပင်။
1477 ။ စေ့စေ့သိပ်သိပ်၊ မိန့်တော်ရိပ်၊ စိပ်စိပ်နာစေချင်။
1478 ။ သည်းခြေသလိပ်၊ လေမိုးနိပ်၊ မြားဆိပ်ဆေးနှင့်တင်။
1479 ။ အရွက်စိပ်စိပ်၊ ခက်သိပ်သိပ်၊ လမ်းထိပ်ပညောင်ပင်။
1480 ။ သိမြင်မင်းရိပ်၊ စူဠလိပ်၊ စိပ်စိပ်ကြံဆင်ခြင်။
1481 ။ လျှော်ဖြူမြရိပ်၊ အခွံသိပ်၊ မြွေဆိပ်တက်သည့်သွင်။
1482 ။ ညှိညှိရှိပ်ချိပ်၊ ကြာတံဆိပ်၊ ပန်းလိပ်ဆူးရွှေပင်။
1483 ။ စာသိပ်ရေသိပ်၊ မန္တန်စိပ်၊ မင်းဇိပ်ပရပ်လျှင်။
1484 ။ ဖင်းမယ်မြို့ထိပ်၊ ပြသဒိပ်၊ ရိပ်ရိပ်ရေးရေးထင်။
1485 ။ ပုတီးလည်းစိပ်၊ မာန်ကိုနိပ်၊ သိပ်သိပ်သည်းသည်းပင်။
1486 ။ စေ့စေ့သိပ်သိပ်၊ ကမွည်းလိပ်၊ ရိပ်ကာမဆိုချင်။
1487 ။ ခွေခွေလိပ်လိပ်၊ ဆာမွတ်သိပ်၊ စက်အိပ်ပျော်မရွှင်။
1488 ။ ယက်ကန်းလက်လိပ်၊ အနားသိပ်၊ စိပ်စိပ်စေ့အောင်ငင်။
1489 ။ သကၡ်န်းလက်လိပ်၊ အစာသိပ်၊ စေ့စိပ်အပ်ချည်မျှင်။
1490 ။ ရေးရေးရိပ်ရိပ်၊ နှောင်မင့်းထိပ်၊ မဲ့လိပ်ပြာနယ်ထင်။
1491 ။ မိန်းမရှင်အိပ်၊ ဗိုင်းကောင်းလိပ်၊ ကြမ်းနိပ်အိမ်ဆင်ဝင်။
1492 ။ ပွေးညှင်းတင်းတိပ်၊ မယ်လှထိပ်၊ အရိပ်မှုမမြင်။
1493 ။ အပြည့်အသိပ်၊ ငါးနှင့်လိပ်၊ ကွန်စိပ်ချကောင်။
1494 ။ ကုလားမည်ဇိပ်၊ အင်္ဂလိပ်၊ တံဆိပ်ခတ်လိုက်တင်။
1495 ။ လူငစံအိပ်၊ ဖျာကိုလိပ်၊ သိပ်သိပ်ထားမည်ပြင်။
1496 ။ သဝန်စသိပ်၊ ခွေစာလိပ်၊ ဆီးချိပ်မြဲအောင်တင်။
1497 ။ အိမ်ခြေသိပ်သိပ်၊ မကျဲးစိပ်၊ ရွာလိပ်မြကုန်းပြင်။
1498 ။ ချီဆောင့်ခုန်သိပ်၊ ငါ့ကိုနိပ်၊ ရွာလိပ်မြော်ထဲးတွင်။
1499 ။ ကွမ်းလောင်ကွမ်းလိပ်၊ ရောင်ချိပ်ချိပ်၊ မွမ်းသိပ်မျက်စုံဆင်။
1500 ။ သစ္စသံခိပ်၊ ကျမ်းများ့ထိပ်၊ သော့သိပ်ဘွဲ့ကျီသွင်။

## အုပ် ကာရန် ၅၉ ပုဒ်

1501 ။ ရမတီပိတ်အုပ်၊ နှောင့်ပေါင်းထုပ်၊ တွန့်တုပ်မပြုနိုင်။
1502 ။ ကြိုးနှင့်လည်းတုပ်၊ သူကောင်ပုပ်၊ လက်ဆုပ်မထုနိုင်။
1503 ။ ဘက်နှင့်လည်းထုပ်၊ ငါးငပုပ်၊ စက်ဆုပ်မရှုနိုင်။
1504 ။ ထီးဝန်းကုပ်ကုပ်၊ ကိုယ်လုံးအုပ်၊ စိတ်ချုပ်အမှုပိုင်။
1505 ။ ရေယဉ်အမြှုပ်၊ စီးဟုပ်ဟုပ်၊ မရုပ်မဆည်နိုင်။
1506 ။ လူရိုင်းတရုပ်၊ ရေမှာငုပ်၊ လက်ခုပ်နှစ်ခုပြိုင်။
1507 ။ စာရင်းလည်းကုပ်၊ ရွှေအိုးမြှုပ်၊ တအုပ်တွေအစိုင်။
1508 ။ တုန်တုန်လှုပ်လှုပ်၊ ပုဆစ်တုပ်၊ လက်အုပ်ချီ၍ထိုင်။
1509 ။ ပါဠိသရုပ်၊ ပါဌ်နေငုပ်၊ လူနုပ်မသိနိုင်။

1510 ။ အရေတွန့်ရှုပ်၊ နင့်လည်ကုပ်၊ ဘားပြုပ်ပုံတပြိုင်။
1511 ။ အဆုပ်အဆုပ်၊ ရွက်အုပ်အုပ်၊ တရုပ်စကားခိုင်။
1512 ။ ရဟန်းလက်လုပ်၊ သင်္ကန်းချုပ်၊ တရုပ်အပ်ချင်းပြိုင်။
1513 ။ အဆမ်းအရှုပ်၊ ဆင်တင်းကုပ်၊ ဆောက်လုပ်ရိပ်မြိုင်မြိုင်။
1514 ။ မြေမှာစုပ်စုပ်၊ အိမ်တိုင်မြှုပ်၊ လျောက်ထုပ်ညီညီဆိုင်။
1515 ။ စကားပိတ်ချုပ်၊ ချွန်းနယ်အုပ်၊ နှာရှုပ်မထည့်နိုင်။
1516 ။ ပိုက်ပိုက်ထုပ်ထုပ်၊ ငြင်းလက်ခုပ်၊ စည်းစုပ်တီးအိုင်အိုင်။
1517 ။ ရထားပေါင်းချုပ်၊ စကြာရုပ်၊ ခင်ပုပ်နှင့်မဆိုင်။
1518 ။ အခါထက်စုပ်၊ စုတိချုပ်၊ နံရုပ်ဆုံးချိန်တိုင်။
1519 ။ တံခါးမင်းတုပ်၊ အံချုမြှုပ်၊ ကျွန်ုပ်မဘွင့်ပိုင်။
1520 ။ စေပါလက်သုပ်၊ ရံကိုယ်လုပ်၊ နမ်းရှုပ်ကတိုးကြိုင်။
1521 ။ တိမ်မည်းတိမ်ပုပ်၊ ကိုးရပ်အုပ်၊ ပိတ်ချုပ်မိုးလုံးအိုင်။
1522 ။ မလံမကုပ်၊ ရှင့်ခွက်အုပ်၊ ထုလုပ်တတ်ခေါင်တိုင်။
1523 ။ မြေကြောရှုပ်ရှုပ်၊ ကွန်ချာချုပ်၊ တအုပ်တအာပိုင်။
1524 ။ စပ်စပ်ပုပ်ပုပ်၊ မြွေပခြုပ်၊ စုပ်စုပ်မဝင်နိုင်။
1525 ။ ပူပူချုပ်ချုပ်၊ ထမင်းလုပ်၊ ဆုပ်၍မလွေးနိုင်။
1526 ။ ကျောက်ထဲလျှိုးငုပ်၊ ဗုဇွန်တုပ်၊ စမ်းဆုပ်စိစိကိုင်။
1527 ။ နွယ်ငန်းနွယ်ပုပ်၊ ဆေးကန့်ချုပ်၊ ပူးနုပ်စည်ပင်လှိုင်။
1528 ။ ရွှံဘွယ်စက်ဆုပ်၊ ကုလားအုပ်၊ လည်ကုပ်ရှည်ခေါင်တိုင်။
1529 ။ အမျက်ချုပ်ချုပ်၊ ဉာဏ်ချွန်းအုပ်၊ သိမ်းရုပ်မြဲမြဲကိုင်။
1530 ။ ဘုန်းကြီးဦးထုပ်၊ ကဝါထုပ်၊ ချုပ်လုပ်မပြီးနိုင်။
1531 ။ အဆင့်အကြုပ်၊ ပေါင်းကူးလုပ်၊ ပေါင်းကုပ်အဆိုင်ဆိုင်။
1532 ။ ပေါင်းမြက်သုပ်သုပ်၊ ထောင်သည့်ကုပ်၊ လင်းဟုပ်မပျံနိုင်။
1533 ။ စုံးစုံးစုပ်စုပ်၊ ကိုယ်လုံးငုပ်၊ လက်ခုပ်တမော်တိုင်။
1534 ။ ကြိမ်သီးရေမြှုပ်၊ ဝါလက်ခုပ်၊ ဆူးပုပ်ပွင့်ကြိုင်ကြိုင်။
1535 ။ လက်နှင့်တွက်တုပ်၊ ကြောင်နယ်ခုပ်၊ ကုပ်ကုပ်ကွကွထိုင်။
1536 ။ လူငတရုပ်၊ သူ့အိမ်လုပ်၊ မချုပ်မထားပိုင်။
1537 ။ မေးတလှုပ်လှုပ်၊ ခေါ်အာလုပ်၊ ဟုပ်ဟုပ်မပြင်နိုင်။
1538 ။ ဈေးနာလည်းရုပ်၊ မိုးလည်းချုပ်၊ ထွေးရှုပ်မှုမပိုင်။
1539 ။ ကြောင်ပျစ်ဟင်းပုပ်၊ စားလက်သုပ်၊ ဆေးလုပ်မစင်နိုင်။
1540 ။ ဆေးခြေခင်ပုပ်၊ ကြက်မအုပ်၊ နပ်နပ်စဉ်းတည့်ချိုင်။
1541 ။ ထန်းရည်တပလုပ်၊ သောက်တည့်ရှုပ်၊ အမြှုပ်နှင့်ဖိုင်ဖိုင်။
1542 ။ လက်ဝဲရင်အုပ်၊ စီးနည်းချုပ်၊ တုပ်တုပ်တွတွထိုင်။
1543 ။ ဆရာ့လက်ဆုပ်၊ မပြချုပ်၊ မှန်တုပ်မချနိုင်။
1544 ။ ဆင်ခြေအာလုပ်၊ စကားငုပ်၊ ချုပ်ရုပ်မပြနိုင်။
1545 ။ ဒေါဓဿရုပ်၊ အရှုပ်ရှုပ်၊ လျှင်ခုပ်မတွက်နိုင်။
1546 ။ သကြားပဲဆုပ်၊ ဇယ်နှင့်ပုပ်၊ တရုပ်မြင်ခိုးနိုင်။
1547 ။ ကစော်နှစ်အုပ်၊ ခိုးရေလုပ်၊ လက်ဆုပ်ဖြေတည့်မှိုင်။

1548 ။ အနာပဆုပ်၊ ကျောနှင့်ကုပ်၊ ကင်းတုပ်သည့်နယ်ယိုင်။
1549 ။ ယဉ်ခေါင်အချုပ်၊ ရှင်တရုပ်၊ မိအုပ်မိရှင်ကြိုင်။
1550 ။ စိုက်သစ်ကိုးဆုပ်၊ ကျီကိုထုပ်၊ ပေါင်းချုပ်စာရင်းကိုင်။
1551 ။ ဖမျက်ဖဆုပ်၊ လုံ့နှင့်တုပ်၊ ကုပ်လုပ်ခွေးထိုင်ထိုင်။
1552 ။ နမ်းပျစ်ဘက်ထုပ်၊ ပေါက်ပေါက်ဆုပ်၊ လုပ်ပြည့်မစားနိုင်။
1553 ။ လက်ဝါးရုံးရှုပ်၊ ဆယ်ချောင်းရုပ်၊ ရှိအုပ်ပန်းဆယ်ခိုင်။
1554 ။ ကုလားတထုပ်၊ ဆေးအချုပ်၊ တရုပ်တထည်နိုင်။
1555 ။ ပစ္စည်းအိမ်လုပ်၊ ဖြစ်စရုပ်၊ အထုပ်ကြီးရာနိုင်။
1556 ။ ချည်နှင့်မလုပ်၊ ပိုးနှင့်ချုပ်၊ ရုပ်ထီးမဆောင်းပိုင်။
1557 ။ ကမ္ဗဇရုပ်၊ ပစ္စယုပ်၊ အချုပ်အခြာတိုင်။
1558 ။ ဆန်ခွဲးဆန်နုပ်၊ ဖွဲးတဆုပ်၊ ရရုပ်မထင်နိုင်။
1559 ။ ငွေတလက်ခုပ်၊ ကျုံးတည့်ဆုပ်၊ ရဲးရုပ်ရဲးဆုလှိုင်။

## အည် ကာရန် ၄၇ ပုဒ် (ဘွင့်ရွှတ်စပ်နည်း)

1560 ။ လွမ်းတာလည်းရှည်၊ နေရသည်၊ ဆောက်တည်မရသေး။
1561 ။ ညင်းညင်းလေပြည်၊ လာဘိသည်၊ ချမ်းကြည်တဖေးဖေး။
1562 ။ ရှင်နှောင်းရုပ်ရည်၊ လှထူးသည်၊ လူ့ပြည်နှိုင်းဘက်ဝေး။
1563 ။ စိတ်ကလည်းကြည်၊ ဝမ်းထဲးရည်၊ အသည်သူကြီးမြေး။
1564 ။ ပတ္တမြားတချည်၊ ဆန်တပြည်၊ ရောင်းမည်ကတူးကျေး။
1565 ။ မင်းမျက်နှာရှည်၊ ခေတ္တပြည်၊ သာကြည်ပျော်စံရေး။
1566 ။ ပရမတ်သည်၊ ပွတ်တိုင်လည်၊ ရေကြည်ငါးတပြေး။
1567 ။ သဒ္ဒါပဟူသည်၊ ချုံပင်စည်၊ ရေနည်ငါးမဝေး။
1568 ။ သက္ကရာဇ်တည်၊ ရောနှစ်မည်၊ စားသည်ဇောနှင့်တေး။
1569 ။ တစ်သုံးငါးတည်၊ သုန်းလတ်မည်၊ ယင်းသည်ကားမင်းလေး။
1570 ။ မင်းတမည်မည်၊ ရသူရည်၊ အောင်စည်ကြွယ်မည့်ရေး။
1571 ။ လူမျိုးအင်းကျည်၊ ဒေါ်းလည်၊ ကျော်စည်သေါ်ထွေး။
1572 ။ နမ်းပွတ်ဆုံကျည်၊ နွားနှင့်လည်၊ စက်ရှည်မြင့်လှဝေး။
1573 ။ နလုံးတမည်၊ မြဲးခိုင်ကြည်၊ စိတ်ကြည်ရဲးသံပေး။
1574 ။ သတ္တာဝါမည်၊ ဖွတ်ဦးကျည်၊ လှည့်လည်မြိုင်ချုံစေး။
1575 ။ ထီးလိုင်ကာသည်၊ တောင်ရိုးရှည်၊ အပ်ကျည်တော်သလေး။
1576 ။ ကရော်ကမည်၊ မကျိုးကျည်၊ ညွတ်ကြည်စေလသေး။
1577 ။ စကားစမြည်၊ နားမလည်၊ ရိပ်ခြည်မမြော်တွေး။
1578 ။ လူငရှေ့ရည်၊ မဲ့ကိုပြည်၊ နှုတ်ခြည်နယဉ်ကျေး။
1579 ။ ပျားတရထည်၊ သစ်မည်စည်၊ လွန်တည်ရှောက်နှင့်ဝေ့း။
1580 ။ ချောင်းတရထည်၊ ရေကိုဆည်၊ ပတ်လည်ကုန်းဖွေးဖွေး။
1581 ။ စိုစိုပြည်ပြည်၊ ကြာမြင့်ရှည်၊ ဖွေနည်စိတ်စက်လေး။
1582 ။ တရုပ်ဥတည်၊ မင်းစစ်သည်၊ ဖည်ယမ်းဖည်ယမ်းပြေး။

1583 ။ လူအာဇာနည်၊ မဟာထေရ်၊ ဉာဏ်ခြည်မသမ်းမြွေး။
1584 ။ ရွှေအရောင်ခြည်၊ ဆဲ့တရည်၊ ပိုးမြည်မြူးအသွေး။
1585 ။ အရိုအရည်၊ သွေးနှင့်ပြည်၊ ယိုသည်နပ်တံတွေး။
1586 ။ တံမြွာတံရှည်၊ တီးသည့်စည်၊ သေဉ်လည်ကြောင်မင့်မြေး။
1587 ။ နဂါးနေတည်၊ တောင်မလည်၊ သာစည်ငြိမ်းချမ်းဇေး။
1588 ။ လော်လော်လည်လည်၊ ကျင့်မှုနည်၊ အရည်အချင်းမေး။
1589 ။ ဝါဝါသည်သည်၊ ဆင်ရမည်၊ သင်ထည်ပုဆိုးသေး။
1590 ။ ဟင်းရမ်းထော်ပည်၊ ရေအနည်၊ ထောက်ရှည်ကန်လုံးဖွေး။
1591 ။ ပရိတ်တော်ရည်၊ ခံပါမည်၊ သာကြည်ရွတ်ဘိသေး။
1592 ။ ရေနောက်မုန်နည်၊ သားဆေးရည်၊ မကြည်မောဟသွေး။
1593 ။ ပတ်ပတ်ဝန်းလည်၊ တိုင်းတိုင်းချည်၊ ဟိုင်းတည်ဆုန်းတွေးတွေး။
1594 ။ ငါတို့ပြင်စည်၊ မြို့အမည်၊ သည်သည်အံ့ကြမေး။
1595 ။ နှောင်မင့်ဧည့်သည်၊ ဆေးဝါးတည်၊ သည်သည်ကရေဇး။
1596 ။ မြင်းဝန်းမလည်၊ ပွင့်လင်းစည်၊ ရေကြည်ဝနင့်ဝေး။
1597 ။ မယိမ်းမဖည်၊ နန်းထိုင်သည်၊ ဆောက်တည်ကာလရွှေး။
1598 ။ သံတကျည်ကျည်၊ မောင်ကုန်သည်၊ ရောင်းမည်အဘယ်ဈေး။
1599 ။ ကျောက်တိုင်တရည်၊ ကျင့်ရမည်၊ ပွဲးတည်သူကြီးသွေး။
1600 ။ ပတ်သာတံရှည်၊ တီးသံမြည်၊ လက်ဆည်ကန်စာရေး။
1601 ။ တဆယ်လောင်းမည်၊ ထမ်းပိုးရည်၊ ယင်းသည်နာရီပေး။
1602 ။ ဆဲ့နှစ်လလည်၊ နေ့ဘို့ရည်၊ ညဉ့်သည်အကြွင်းဆေး။
1603 ။ စကားအတည်၊ အောင်ကျော်စည်၊ ရွှေပြည်သူမြတ်လေး။
1604 ။ ဘဝါးတိုရှည်၊ စတွန်းမည်၊ ယင်းသည်ပုံနှင့်ပေး။
1605 ။ လူကျော်စံတည်၊ မဲ့ဆွေသည်၊ လူရည်ယဉ်ဆေးဆေး။
1606 ။ ယိုသည့်မျက်ရည်၊ စဲးအောင်ဆည်၊ ငိုမြည်ပူဆာဆွေး။

## အည့် ကာရန် ၂၄ ပုဒ် (ဘွင့်ရွတ်စပ်နည်း)

1607 ။ လတပေါင်းတည့်၊ ခါကောင်းပြည့်၊ ထွန်းစည့်နေနှင့်လ။
1608 ။ မျက်စောင်းထိုးလှည့်၊ နဂါးကြည့်၊ မြည့်မြည့်ကြေတတ်စွ။
1609 ။ ထောင်သည့်သကြည့်၊ ရွှေအပြည့်၊ မထည့်မမံရ။
1610 ။ သည်မှါတဲးလှည့်၊ ကုန်သည်ဧည့်၊ ရက်လှည့်ခနေ့ည။
1611 ။ ကောကိကောကည့်၊ ပြုတတ်လှည့်၊ မုန်းမည့်အာစာရ။
1612 ။ ဆုံဆုံဆည့်ဆည့်၊ ရှင်အိမ်ပြည့်၊ ချဉ့်ချည့်ပါးလျလျ။
1613 ။ အသံညည့်ညည့်၊ ပျောင်းချည့်ချည့်၊ မပြည့်လင်မဝ။
1614 ။ နေမွန်းတည့်တည့်၊ ထွန်းစည့်စည့်၊ ရှုကြည့်မြင်သာလှ။
1615 ။ ရှမ်းပြည်မိုင်းစည့်၊ စလင်းဧည့်၊ ဆည့်တွင်ကျေးလက်က။
1616 ။ ကရွှဲ့ကတည့်၊ မမတ်တည့်၊ ပြည့်စင်ပင်ကကျ။
1617 ။ သည်မှာမပြည့်၊ သည်မှာထည့်၊ မဖြည့်မတင်းရ။

1618 ။ ဆိုတည့်ပြုတည့်၊ ဧဒေါင်ပြည့်၊ တည့်သင့်ရပ်ရွာက။
1619 ။ နတ်ပြည်တရှည့်၊ သာမောသည့်၊ ဝမ်းပြည့်ရပ်ဂါမ။
1620 ။ အတိုင်းအရှည့်၊ ရိုက်သည်လှည့်၊ ရစ်လှည့်ပတ်ပတ်ချ။
1621 ။ သရက်သီးမှည့်၊ ပင်လုံးပြည့်၊ ဆွတ်မည့်ချိန်ကာလ။
1622 ။ အိပ်ဖန်အိပ်လှည့်၊ ခုအိပ်လှည့်၊ မှုရှည့်ခံထမ်းရ။
1623 ။ ဖြုံးဖြုံးဖြည့်ဖြည့်၊ ပတ်ပတ်လှည့်၊ သလည့်သလွင်းကျ။
1624 ။ ဆိုခွင့်တည့်တည့်၊ လာ၍လှည့်၊ ကြွင်းသည့်စကားစ။
1625 ။ မာယာမျက်လှည့်၊ ပြပါထည့်၊ ယင်းသည့်ပြင်မရ။
1626 ။ လေလည်လေ့လှည့်၊ ငါ့တပည့်၊ သည့်နယ်ကျင့်စာဂ။
1627 ။ ရှားကိုးနိုင်းရှည့်၊ ရွှေစင်မှည့်၊ အပြည့်အမွမ်းချ။
1628 ။ အမည်ကိုလှည့်၊ ဆန်အောင်မှည့်၊ ကောင်းမည့်ကာရကာ။
1629 ။ အရပ်ကိုကြည့်၊ ပြန်အောင်မှည့်၊ ထွက်၍ ဗေဒင်က။
1630 ။ မျက်နှာစောင်းလှည့်၊ တပါးကြည့်၊ ပြေည့်ငစံမြ။

## အည်း ကာရန် ၅၉ ပုဒ် (ဘွင့်ရွတ်စပ်နည်း)

1631 ။ အောင့်တောင့်ညည်းတည်း၊ သံခြည်းခြည်း၊ အိမ်းအည်းမလိုက်လို။
1632 ။ ဖနောင့်ဖကျည်း၊ နာရှိန်ကြည်း၊ တိမ်းလည်းဖိုက်ဖိုက်ငို။
1633 ။ မြေမြင့်ကုန်းကြည်း၊ ရာသကျည်း၊ စရည်းပင်ပျိုပျို။
1634 ။ ရန္တပစ္စည်း၊ ကုလားကျည်း၊ တပ်နည်းဘွဲ့မည်ဆို။
1635 ။ မဆိုင်တလည်း၊ သစ်ပင်ကျည်း၊ စွန်သည်းချုံထိုးလျို။
1636 ။ ညို့ညို့ကြည်းကြည်း၊ မှိုင်းမည်းမည်း၊ မန်ကျည်းပင်ညိုညို။
1637 ။ ကျော့ကျော့ကျည်းကျည်း၊ ပျင်းရော့ရည်း၊ အချည်းနှီးပင်ကို။
1638 ။ နါပျော်ဘွယ်ချည်း၊ သံခြည်းခြည်း၊ ဖြည်းဖြည်းညင်းညင်းဆို။
1639 ။ မာခါခပ်ကျည်း၊ ကုတ်နင့်ကြည်း၊ စပ်နည်းခွဲးထားဆို။
1640 ။ အယဉ်သည်းသည်း၊ စီးတံလည်း၊ ကြည်းကြည်းသွင်သွင်ယို။
1641 ။ ပွဲတင်ရိုက်ကြည်း၊ တော်သံလည်း၊ မိတည်းပွင့်မည်ကို။
1642 ။ စောင့်စောင့်စည်းစည်း၊ ကျွတ်ဆုရည်း၊ ကောဏ္ဍည်းတုလိုလို။
1643 ။ ဦးခေါင်းပြည်းစည်း၊ သင်ခုန်းလှည်း၊ အရည်းမြတ်ပုဂ္ဂိုလ်။
1644 ။ ကိုယ်ပြင်ကျောစည်း၊ သပ်သပ်ခြည်း၊ ညဆည်းဆာရီကို။
1645 ။ သွေးစုန်းမျက်မည်း၊ ငယ်ကရည်း၊ စုလည်းမြိတ်စလျှို။
1646 ။ ကြပ်ကြပ်တည်းတည်း၊ ကြိုးနှင့်စည်း၊ ခိုက်ဆည်းရန်ရှာလို။
1647 ။ အညစ်အထည်း၊ အချည်းစည်း၊ အချည်းသက်သက်ကို။
1648 ။ ကျူစောင်ရန်းစည်း၊ ဆင်နှင့်လှည်း၊ ပြည်းပြည်းကုန်ပျက်ပြို။
1649 ။ နာဝေနာစည်း၊ နလုံးကြည်း၊ ခြည်းခြည်းသံချိုချို။
1650 ။ ဝတ္တုပစ္စည်း၊ နောင်ဘို့ဆည်း၊ ပေပည်းလှူကုသိုလ်။
1651 ။ သစ်ပင်ကုဟည်း၊ သစ်ဆည်းလည်း၊ ကံနည်းရွာတခို။
1652 ။ အမျက်ချုပ်တည်း၊ မွဲမောင်နည်း၊ သည်းညည်းခံစေလို။

1653 ။ ယဉ်ကျေးတင့်ရည်း၊ ပိတ်ရထည်း၊ ဖွပ်ကျည်းခါသာညို။
1654 ။ လိပ်ခဲ့တည်းလည်း၊ တချက်တည်း၊ ဖြုတ်ခြည်းရုတ်ခြည်းဆို။
1655 ။ တံဘောင်စံနည်း၊ ဘဲ့နယ်လည်း၊ စည်းဝေးပွဲထိုထို။
1656 ။ ပြာသာဒ်ဦးပြည်း၊ အနည်းနည်း၊ ပေါပည်းကဲ့လားလို့။
1657 ။ ပိတ်သည်းပိတ်နည်း၊ တဖြည်းဖြည်း၊ ဆည်းဆည်းဆူဆူဆို။
1658 ။ မျက်နှာသိမ်းပြည်း၊ အရှက်သည်း၊ မဲ့ချည်းရှုက်ကါငို။
1659 ။ ဆင်ထိန်းယရည်း၊ ကျင့်ထုံးနည်း၊ ခေါင်းပြည်းဦးရှင်ညို။
1660 ။ တပြုံပြည်းပြည်း၊ နေ့ရက်လည်း၊ အချည်းမသွားလို။
1661 ။ ဥဘတောဗျည်း၊ ကောင်းမှုနည်း၊ လိပ်လည်းကျင့်ဝန်တို။
1662 ။ ဆင်ပလလည်း၊ နိဿရည်း၊ ကမ္ဗည်းတောင်မြင်းမိုရ်။
1663 ။ စင်တလင်းလှည်း၊ မျက်နှာမည်း၊ ကသည်းစစ်သည်ဗိုလ်။
1664 ။ တသမတ်တည်း၊ ချစ်အားသည်း၊ ခမည်းဘခင်ဆို။
1665 ။ ဆုံ့ဆုံ့ဆည်းဆည်း၊ ရွယ်လျချည်း၊ ခမည်းပေးစေလို။
1666 ။ ပုံမောင်းနရည်း၊ ခြူဆည်းလည်း၊ ဖြင်ပည်းအလှိုလှို။
1667 ။ ရွှေဘော်တံစည်း၊ ချောသည်တည်း၊ သည်လှည်းမကုတ်ကို။
1668 ။ တောင်ကြီးမျက်မည်း၊ ရှုပ်ရှက်စည်း၊ ရွာပည်းခွင်လုံးပြို။
1669 ။ အသံဟည်းဟည်း၊ ဆင်မြင်းဟည်း၊ လှည်းသည်ရွာဆီကို။
1670 ။ ခြေသည်းလက်သည်း၊ တင့်တရည်း၊ ဆိုလည်းမနာထို။
1671 ။ သဒ္ဒါမှာလည်း၊ သမုစ္စည်း၊ အဆည်းတတ်အောင်ဆို။
1672 ။ ကမ္ဗောရည်း၊ သမာသ်နည်း၊ ကစ္စည်းမိန့်သံချို။
1673 ။ ဂိုဏ်းကားရှစ်စည်း၊ နည်းခြောက်နည်း၊ တောဒည်းကျမ်းအလို။
1674 ။ မအော်မအည်း၊ မရော့ရည်း၊ သိမ်းဆည်းစိတ်စက်သို။
1675 ။ အသံဟည်းဟည်း၊ မီးကြည်းဟည်း၊ စားနည်းစုံးရှည်တို။
1676 ။ တန်စက်ရေဆည်း၊ အိုးဇရည်း၊ ပုံနည်းမှတ်ပိုက်မျို။
1677 ။ ကိုယ်ကိုသရည်း၊ ခွါစောင့်စည်း၊ ဝိနည်းစာသင်္ဂြိုဟ်။
1678 ။ တလူးလည်းလည်း၊ ငှက်တင်ကျည်း၊ ကြည်းကြည်းမြလိုလို။
1679 ။ ထူးဆစ်နှင့်ကြည်း၊ တံခါးကျည်း၊ ဟည်းလည်းဘွင့်မည်ဆို။
1680 ။ ဝေဿန်ခမည်း၊ မင်းသိဋ္ဌည်း၊ သိမ်းဆည်းမြေးတော်ကို။
1681 ။ အချုပ်အတည်း၊ ကိုင်၍လှည်း၊ ထိတ်ကျည်းခတ်တည့်လို့။
1682 ။ ဝမ်းနောင့်ဝမ်းနည်း၊ မိညက်ကြည်း၊ စိုက်ချည်းခေါ်ပြုက်ယို။
1683 ။ စဉ့်ကူးကျော်သည်း၊ ရွှေတောင်မည်း၊ တိုက်လှည်းငါးမာရ်ဖြို။
1684 ။ ပမာပမည်း၊ ရာဘွေဆည်း၊ သိပ်သည်းစောင့်ကိုယ်ကို။
1685 ။ နံ့သာသွေးနည်း၊ မပျစ်ကျည်း၊ တင့်ရည်းလိမ်းစေလို။
1686 ။ တိမ်ခြေကလည်း၊ မြတည်းတည်း၊ မည်းမည်းမှိုင်းမှိုင်းညို။
1687 ။ သိပ်သိပ်သည်းသည်း၊ စာပေတည်း၊ ရေးနည်းမှန်စေလို။
1688 ။ ခြေကြည်းလက်ကြည်း၊ နာရှိန်သည်း၊ ရှုံးရှည်းကျူကျူငို။
1689 ။ တောင်ဘိမလည်း၊ စစ်လည်သည်း၊ ရန်စည်းပယ်ဖျက်ဖြို။

## အဉ့် ကာရန် ၆ ပုဒ် (ပိတ်ရွတ်စပ်နည်း)

1690 ။ ကာလလျဉ့်လျဉ့်၊ နေ့နှင့်ညဉ့်၊ သွားစဉ့်နေစဉ်ခိုက်။
1691 ။ တိရစ္ဆာန်ရှဉ့်၊ ပျံလျဉ့်လျဉ့်၊ ငစဉ့်ကူးကလိုက်။
1692 ။ ချိုးချိုးချဉ့်ချဉ့်၊ သွန်းသည့်စဉ့်၊ လျဉ့်လျဉ့်ဖြတ်၍တိုက်။
1693 ။ ပုဆိုးယဉ့်ယဉ့်၊ ဆင်ဝတ်စဉ့်၊ ရဉ့်ရဉ့်ဦးဆံကိုက်။
1694 ။ ခုန်ငြင်းထိုးယဉ့်၊ ကစားစဉ့်၊ ရွာညဉ့်ရော့တသိုက်။
1695 ။ လည်ဆံလျဉ့်လျဉ့်၊ ထားဖြင့်ရဉ့်၊ ကစဉ့်ကလျားလိုက်။

## အဉ် ကာရန် ၂၄ ပုဒ် (ပိတ်ရွတ်စပ်နည်း)

1696 ။ ငါးမာရ်ပယ်ကြဉ်၊ ဗောဓိဉာဉ်၊ တင်ပျဉ်ဘွဲ့ထက်ဝယ်။
1697 ။ ထုန်ထုန်ကျဉ်ကျဉ်၊ သွေးမြေယှဉ်၊ ပါစဉ်ဆေးနှင့်နယ်။
1698 ။ ခြပရွက်ကျဉ်၊ ဘဲးရှောင်ကြဉ်၊ ခါချဉ်ခြေထောက်သွယ်။
1699 ။ အချိုအချဉ်၊ သရက်ပျဉ်၊ ဥယျာဉ်မြိုင်သာလယ်။
1700 ။ အစုအစဉ်၊ ပင်ချင်းယှဉ်၊ တောချဉ်ပျစ်ပင်နယ်။
1701 ။ ဥပါယ်တံမျဉ်၊ သွယ်ဝှယ်ယှဉ်၊ စိတ်ချဉ်စက်ချဉ်ဘွယ်။
1702 ။ အရိုးအစဉ်၊ ဘွဲ့စီလျဉ်၊ တံမျဉ်နှိမ်တ်သွယ်။
1703 ။ အသက်ဝိညာဉ်၊ ပျောက်ဘိတ်စဉ်၊ ကျိုင်းသေဉ်စော်ဘွားငယ်။
1704 ။ ကောက်ရိတ်တံစဉ်၊ လုပ်ချက်ယဉ်၊ ဘက်ယှဉ်မြွေပြွေးစွယ်။
1705 ။ သူနှင့်မယှဉ်၊ မခိုင်မျဉ်၊ ပညာသိန့်ကျယ်။
1706 ။ အနအယဉ်၊ ခဲးအပျဉ်၊ စီစဉ်ပို့ူနနယ်။
1707 ။ ရန်မဗီဖျဉ်၊ ပုထုဇဉ်၊ စက်ယာဉ်ရဟတ်နယ်။
1708 ။ တန္တစိမ်းချဉ်၊ သံယောဇဉ်၊ ဖြတ်ရဉ်ပိုင်းပိုင်းပယ်။
1709 ။ စက်ခုတ်ဖြတ်ရဉ်၊ လေးထောင့်ပျဉ်၊ ဉာဏ်ပညာအံ့ဘွယ်။
1710 ။ ခံပဋိညာဉ်၊ ဥယျောဇဉ်၊ ဆိုစဉ်မပြတ်သွယ်။
1711 ။ တန်းခိုးခြောက်စဉ်၊ အဘိညာဉ်၊ သဗ္ဗညုတဝယ်။
1712 ။ မယဉ်တယဉ်၊ အဉ်တဉ်တဉ်၊ ဆံလျဉ်နှဖူးကျယ်။
1713 ။ အခဲးအကျဉ်၊ ထအင်ပျဉ်၊ ပေါင်းယှဉ်ဆေးဖြင့်ဝယ်။
1714 ။ တို့ရှင့်ကျွန်စဉ်၊ ဗညားသေဉ်၊ မိုင်းယဉ်သိန်းနီဝယ်။
1715 ။ စီစီလျဉ်လျဉ်၊ ရေအယဉ်၊ နစ်စဉ်လှေနှင့်ဆယ်။
1716 ။ ဘာဝနာဉာဉ်၊ သံပြားပျဉ်၊ မြဲးယှဉ်ပိတ်ဖုံးကွယ်။
1717 ။ ရပ်ထင်ရေလျဉ်၊ မြေကြီးသေဉ်၊ ပိုက်စဉ်ဖြောင့်တန်းရှယ်။
1718 ။ ညောင်းညာဖြေဖျဉ်၊ နားနေစဉ်၊ သည်ပညောင်ပင်ဝယ်။
1719 ။ နေမင်းမြေးလျဉ်၊ ထီးမင်းယဉ်၊ နန်းစဉ်စိုးဆက်နွယ်။

## အဉ်း ကာရန် ၂၄ ပုဒ် (ပိတ်ရွတ်စပ်နည်း)

1720 ॥ အကျယ်အကျဉ်း၊ ရုံးစေ့ချဉ်း၊ ဆောင်ကြဉ်းပုံထူးလည်။
1721 ॥ ကျိုင်းရုံးမိုင်းပျဉ်း၊ ရပ်ဟိုင်းကျဉ်း၊ မိုင်းရှဉ်းရှမ်းတို့ပြည်။
1722 ॥ ခေါင်းခဲဦးယဉ်း၊ အနာညှဉ်း၊ မျက်ပျဉ်းကျချက်ရှည်။
1723 ॥ ခိုင်ခိုင်မျဉ်းမျဉ်း၊ ဝမ်းနာဖျဉ်း၊ စဉ်းစဉ်းဝင်တတ်သည်။
1724 ॥ ပဲကြီးပဲယဉ်း၊ ထားနှင့်စဉ်း၊ အကျဉ်းထားတော့မည်။
1725 ॥ မိုင်းဝါမိုင်းလျဉ်း၊ လဝန်းဖျဉ်း၊ မိုင်းမျဉ်းရှမ်းရပ်ပြည်။
1726 ॥ တက်တဖျဉ်းဖျဉ်း၊ အနာယဉ်း၊ မျက်စဉ်းခတ်ရမည်။
1727 ॥ ကသည်းမြို့မျဉ်း၊ မခိုင်မျဉ်း၊ အဉ်းထဉ်းကသည်းမည်။
1728 ॥ ပေယဉ်းပေယဉ်း၊ မိန်းဝိုက်မျဉ်း၊ စိုးစဉ်းသိရိပ်ခြည်။
1729 ॥ ဟူးဟူးလျဉ်းလျဉ်း၊ နွားနစ်ရှဉ်း၊ စဉ်းစဉ်းကြိုးဖြင့်ချည်။
1730 ॥ ကက္ကုကမျဉ်း၊ အင်ကြင်းပျဉ်း၊ ခက်မျှဉ်းနှိမ်ဆွတ်မည်။
1731 ॥ ငြိုးငြိုးဖျဉ်းဖျဉ်း၊ ငါ့ကိုညှဉ်း၊ လက်စဉ်းသိတော့သည်။
1732 ॥ ပျော့ပျော့ပျဉ်းပျဉ်း။ နပ်နပ်စဉ်း၊ ဖျဉ်းနှင့်ကျိုရမည်။
1733 ॥ ရှုန်းရှုန်းရှဉ်းရှဉ်း၊ တောင်ဟုန်ကြဉ်း၊ တဉ်းတဉ်းပျံလေသည်။
1734 ॥ ရွက်တိုင်လင်းယဉ်း၊ ခတ်တံမျဉ်း၊ ဖြောင့်မျှဉ်းမတ်မတ်တည်။
1735 ॥ စကားရုံးချဉ်း၊ သင့်အောင်လျဉ်း၊ အကျဉ်းမိန့်ဆိုသည်။
1736 ॥ နေးနေးဖျဉ်းဖျဉ်း၊ ကြေးပန်းတဉ်း၊ ခဲယဉ်းလုပ်ဖွေနှည်။
1737 ॥ အုပ်ကာပါးပျဉ်း၊ စစ်ဝတ်မျဉ်း၊ မျက်စဉ်းတရထည်။
1738 ॥ မင်းနှင့်စပ်လျဉ်း၊ ဂေါရာဇဉ်း၊ ရုံးချဉ်းသုံးဆောင်ရည်။
1739 ॥ အာပတ်ခဲယဉ်း၊ ထုလ္လစ္စဉ်း၊ အလျဉ်းသင့်တတ်သည်။
1740 ॥ မြီးသွယ်ပုစဉ်း၊ ပျံရှဉ်းရှဉ်း၊ တံမျဉ်းကြိုးနှင့်ချည်။
1741 ॥ ဇာတာလက်စဉ်း၊ မေးမည်ချဉ်း၊ တမျဉ်းရွက်တန်သည်။
1742 ॥ မပျောင်းမမျှဉ်း၊ ဉာဏ်ခဲယဉ်း၊ မြားစဉ်းသွားတရည်။
1743 ॥ ဆိုးဆိုးညှင်းညှင်း၊ တဖျဉ်းဖျဉ်း၊ စက်မျဉ်းပျော်တာရှည်။

## အဩ ကာရန် ၁၇ ပုဒ်

1744 ॥ ဘုန်းကြက်သရေ၊ လျှံလက်ဝေ၊ မြုတေဖြိုးမောက်လျှမ်း
1745 ॥ ဗောဓိညောင်ရွှေ၊ ဗုဒ္ဓဟော၊ သပြေအလယ်ဝှမ်း။
1746 ॥ အညာအကြော၊ မွှေးပျံ့လော၊ မကျေပြောထုံးတမ်း။
1747 ॥ ပွတ်ခုံပွတ်ကျော၊ ထွားထွားကြော၊ ပွတ်လေလွန်ကြိုးပမ်း။
1748 ॥ သလိပ်သည်းခြေ၊ ကြေအောင်ချေ၊ သွေးလေလွန်ငြိမ်းချမ်း။
1749 ॥ မြို့ကားစလေ၊ ရွာစပေ၊ မြစ်ခြေရွာပန်းထမ်း။
1750 ॥ အထွေအထွေ၊ မိန့်သံချေ၊ ဆင်ခြေမိန့်တော်တမ်း။
1751 ॥ တိရစ္ဆာန်ချေ၊ ဟောက်၍နေ၊ မြိုင်ခြေမနီးကမ်း။
1752 ॥ စစ်ထိုးကြချေ၊ တတေတော၊ ဗိုလ်ခြေခြိမ့်ခြိမ့်မွမ်း။
1753 ॥ မသင့်သောက်ရေ၊ ဆတ်ဆတ်ချေ၊ လက်ခြေတယမ်းယမ်း။
1754 ॥ ပန်းပင်မိုဃ်းဆွေ၊ သစ်ပလွေ၊ ပြတ်ကြွေတောင်လုံးလွှမ်း။

1755 ။ တရုပ်မိုင်းလွှေ၊ မြို့ညောင်ရွှေ၊ မိုင်းအွေမိုင်းဝါရှမ်း။
1756 ။ ငရှဉ့်ငမြွေ၊ ငါးငပြေ၊ ငထွေငဖယ်ခြမ်း။
1757 ။ စစ်တုရင်ခွေ၊ ကစားထွေ၊ ပွေလီပွေညာသွမ်း။
1758 ။ နွားမှာနွားပြေ၊ ဆိုးရိပွေ၊ ကြန်ပွေချက်ဘော်ကြမ်း။
1759 ။ ရှင်စံရှင်ဧ၊ ရှင်ငြိမ်းဝေ၊ ရှင်ပြေရှင်ငြိမ်းချမ်း။
1760 ။ တေ့တ်ငတွေ၊ လွှမ်းပြေ၊ ငဝေသော်နမ်း။

## အော့ ကာရန် ၁၂ ပုဒ်

1761 ။ တအောက်မေ့မေ့၊ တစေ့စေ့၊ လွမ်း၍တခွေခွေ။
1762 ။ တခြောက်သွေ့သွေ့၊ တပွေ့ပွေ့၊ သမ်း၍တဝေဝေ။
1763 ။ တကော်ကွေ့ကွေ့၊ လေဝေ့ဝေ့၊ ဆမ်း၍တချွေချွေ။
1764 ။ ဆင်မှာကားစေ့၊ ဝက်မှာလေ့၊ ခေါ်၍ကျွေးမြဲးပေ။
1765 ။ မငြီးမငွေ့၊ အန်မှာစေ့၊ ခတ်၍တလေလေ။
1766 ။ အဘက်လည်းတွေ့၊ လက်လည်းတေ့၊ လက်တေ့သတ်ပါစေ။
1767 ။ ရွှေစည်းခုံရှေ့၊ ရွှေခြသေ့်၊ ခုန်၍ဟောက်သော့ထွေ။
1768 ။ သစ်ပင်အိပ်မွေ့၊ စာငှက်စွေ့၊ ကောက်ကွေ့နှင့်ဆူးလေ။
1769 ။ အဆီဝေ့ဝေ့၊ မခြောက်သွေ့၊ မင်သေ့ထိုးပါလေ။
1770 ။ ရမ်းရမ်းလွေ့လွေ့၊ စပါးလှေ့၊ မဟော့အဖျင်းထွေ။
1771 ။ အရာကရွှေ့၊ ခွါတည့်ရွှေ့၊ ရွှေငွေ့အကျင့်ပေ။
1772 ။ မချမ်းမမြေ့၊ မပျော်မွေ့၊ နန်းခွေ့လွမ်းဆာဝေ။

## အေး ကာရန် ၂၁ ပုဒ်

1773 ။ သူကြွယ်သူဌေး၊ ဆွမ်းပန်းကျွေး၊ ဟစ်ကြွေးပြောနှင့်စည်။
1774 ။ အငယ်ကမွေး၊ နို့ရည်ကျွေး၊ နို့ကြွေးတင်ချေသည်။
1775 ။ အခွံအကြေး၊ ခွါတည့်နွေး၊ ကတ်ကျေးတရထည်။
1776 ။ အညစ်အကြေး၊ အစင်ဆေး၊ ရွှေကျေးငှက်မြရည်။
1777 ။ မြို့နှင့်မဝေး၊ ငါတို့ကျေး၊ ငွေကြေးတောင်းရမည်။
1778 ။ သံတခြေးခြေး၊ ဥစ္စာချေး၊ မပေးမြင့်တာရှည်။
1779 ။ မနိုင်၍လေး၊ တပေးပေး၊ ဖေးဖေးတက်တော့သည်။
1780 ။ တဏှာမြူမြေး၊ မျောက်နဲ့စေး၊ ခွါရေးခက်တော့သည်။
1781 ။ ပူပူနွေးနွေး၊ တစ်တစ်လွေး၊ အိုက်ချွေးထွက်တော့သည်။
1782 ။ မပျောက်လိုသေး၊ အနာဖေး၊ ဘိုးဘေးဆက်တော့သည်။
1783 ။ စင်သန့်သန္ဓေး၊ မြို့တော်ဆေး၊ ရေဇးပက်တော့သည်။
1784 ။ မျက်တောင်ရှက်မြေး၊ တရေးရေး၊ မေးမေးစက်တော့သည်။ (*****)
1785 ။ ရှင်ဖြူရှင်ပွေး၊ ရှင်ငြိမ်းမွှေး၊ ဆံသေးနက်တော့သည်။
1786 ။ စလေငခွေး၊ မင်းခွေးချေး၊ လူရေးပျက်တော့သည်။

1787 ။ ကျည်စိုးညီထွေး၊ စုက္ကတေး၊ ကိုယ်ရေးကိုဖျက်သည်။

1788 ။ ပိတ်တောင်ညီထွေး၊ မင်းငခွေး၊ မြင်းကျွေးမျိုးဆက်ရှည်။

1789 ။ အစွယ်ဖွေးဖွေး၊ သည်မြွေပြွေး၊ အာစေးခက်တော့မည်။

1790 ။ ဘိုးခေါင်ပဲထွေး၊ ငှက်မြစ်တွေး၊ ခွေးခေါ် ရစ်သာမြည်။

1791 ။ ငယ်ငယ်လှေးလှေး၊ ယဉ်ချေးချေး၊ ခြေးခြေးမိန့်နှုန်းခြည်။

1792 ။ နမသလေး၊ ဖွပ်တည့်ခြွေး၊ ထွက်ချွေးကိုယ်အရည်။

1793 ။ ငုံအာချပ်သေး၊ ကွေးရရွှေး၊ မုလေးလက်တံရှည်။

ကဝိလက္ခဏာသတ်ပုံပြီး၏

15 May 2008 @ Digitized by NLS

မှတ်ချက် ။ ကဝိလက္ခဏာ သံပေါက် အပိုင်းကိုသာ ရွေးချယ် ပြုစုထားခြင်း ဖြစ်သည်။ ယငယ်ရေးသတ်ပုံ၊ သဒ္ဒါနသာရီ စသည်တို့ကို မူရင်းစာအုပ်တွင် လေ့လာနိုင်သည်။